# 2022 ANNUAL REPORT

MCB
Myanmar Citizens Bank




(၃၀) ကြိမ်မြောက်
နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးသို့တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်




# TABLE OF CONTENTS

## Corporate Overview


၁။ နိဒါန်း

၂။ MCB ၏အောင်မြင်မှုခရီးလမ်း

၃။ Mission / Vision / Value

၄။ ဥက္ကဌ၏အစီရင်ခံစာ

၅။ ဒါရိုက်တာအဖွဲ့

၆။ Corporate Governance

၇။ ဘုတ်အဖွဲ့ကော်မတီများ (Board Comittees)

၈။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဘောင်

၉။ အမှုဆောင်အရာရှိချုပ် (CEO) ၏အစီရင်ခံစာ

၁၀။ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ

၁၁။ အဓိက မဟာဗျူဟာများ၊ မဟာဗျူဟာ မျှော်မှန်းချက်များ၊ လမ်းညွှန်ချက်များ၊ ရှေ့ဆက် ဆောင်ရွက်မည့် အစီအစဉ်


## Shareholding


၁။ ရန်ကုန်စတော့အိပ်ချိန်း (YSX)

၂။ အစုရှယ်ယာပိုင်ဆိုင်မှု အခြေအနေ

၃။ ထိပ်တန်းအစုရှယ်ယာရှင် (၂၀) ဦး


## Financial Highlights

## Branches, Products and Services


၁။ MCB ဘဏ်ခွဲများ

၂။ Deposit Product များ

၃။ Credit Business Product များ

၄။ International Banking

၅။ MPU-JCB Co-Branded Card များ

၆။ Digital Banking


## Activities


၁။ Learning and Development ဆိုင်ရာဆောင်ရွက်ချက်များ

၂။ CSR ဆိုင်ရာဆောင်ရွက်ချက်များ

၃။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု ဆောင်ရွက်ခြင်း


## Directors and Audit Report


၁။ ဘဏ်စာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းများစစ်ဆေးခြင်း

၂။ ဒါရိုက်တာများ၏အစီရင်ခံစာ

၃။ V-Advisory Statutory စာရင်းစစ်အစီရင်ခံစာ

# နိဒါန်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်အား မြန်မာနိုင်ငံအထူးကုမ္ပဏီများ အက် ဥပဒေအရ ကုမ္ပဏီများ မှတ်ပုံတင်ရုံး၏ (၃၀.၁၀.၁၉၉၀) ရက်စွဲပါ ကုမ္ပဏီ မှတ်ပုံတင်အမှတ် (၂၇၄။၁၉၉၁ - ၁၉၉၂) ဖြင့် မှတ်ပုံတင်၍ အများပိုင်ကုမ္ပဏီ လီမိတက်အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ နိုင်ငံတော် ဗဟိုဘဏ်၏ (၂၅.၅.၁၉၉၂) ရက်စွဲပါ လုပ်ငန်းလိုင်စင်အမှတ် - မဗဘ/ဂေျ(အိုင်) - ၁(၅)၁၉၉၂ ဖြင့် ခွင့်ပြုချက်အရ (၂.၆.၁၉၉၂) ရက်နေ့မှစ၍ အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီးတွင် ဘဏ်ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ (၂) ရက်တွင် ဘဏ်၏ နှစ် (၃၀) ပြည့် ပုလဲရတု အခမ်းအနား အား အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဘဏ်အား ဖက်စပ်လုပ်ငန်းရှင်များနှင့်အတူ အများပြည်သူများ၏ အစုရှယ်ယာ များဖြင့် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ ဖက်စပ်လုပ်ငန်းရှင်များ၏ ပါဝင်မှုအား ၁၉၉၈ ခုနှစ်တွင် ဖျက်သိမ်းခဲ့ပြီး ယင်းဖက်စပ်လုပ်ငန်းရှင်များ၏ အစုရှယ်ယာများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လွှဲပြောင်းရယူခဲ့ပြီး လက်ရှိတွင် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ကုန်သွယ်ရေး ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့က MCB ၏ ရှယ်ယာစုစုပေါင်း၏ ၉.၈၄% ကို ပိုင်ဆိုင်ထားသည်။ ထို့ပြင် ထင်ရှားကျော်ကြားသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ရှင်ကြီးများနှင့် လုပ်ငန်းအုပ်စုများမှ ၇၇.၈၀% နှင့် ကျန်ရှိသော အစုရှယ်ယာ ၁၂.၃၆% ကို အများပြည်သူက ပိုင်ဆိုင်ထားပါသည်။

MCB သည် မြန်မာနိုင်ငံတွင် အများပိုင်ဘဏ်အဖြစ် စာရင်းသွင်းထားသော ဘဏ် ၂ ခုအနက်မှ ပထမဦးဆုံးသော ဘဏ်တစ်ခုဖြစ်ပြီး ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းတင်၍ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်ပါသည်။ အများပိုင် ကုမ္ပဏီတစ်ခုဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသားများဘဏ်သည် ပွင့်လင်းမြင်သာမှု ရှိပြီး အုပ်ချုပ်ရေးနှင့် စည်းမျဉ်းစည်းကမ်းများကို အပြည့်အဝလေးစားလိုက်နာမှု ရှိ ပါသည်။








# MILESTONE

## ROAD TO SUCCESS

## MCB ၏အောင်မြင်မှု ခရီးလမ်း

**1992**
Commenced
Banking Operation

**1998**
Class A share
transferred to MOC

**2003**
International
Banking Service

**2007**
E payment system
for Trade License Fees

**2012**
Money Changer
License

**2015**
Launched
mobile money service
663

**2016**
JICA SME
Two Step Loan




**2017**
Upgradation of IT Facilities and Implementation of T24 Core Banking Software

**2019**
MCB - IFC Advisory Services Agreement

**2021**
Organization restructuring, consolidation and service standardization and continuation of Digital Journey




**2018**
Core Banking System Implementation

**2020**
Digital Transformation

**2022**
30th Anniversary

# Our Mission / Our Vision

## ကျွန်ုပ်တို့၏ မျှော်မှန်းချက်

မြန်မာနိုင်ငံ၏တိုးတက်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ရာတွင် လိုက်ပါကူညီထောက်ပံ့ပေးခြင်းဖြင့် အစုရှယ်ယာရှင်များ၏အကျိုးဖြစ်ထွန်းမှုကို ဖန်တီးပေးသော၊ ခိုင်မာတည်ငြိမ်သော၊ ကျင့်ဝတ်နှင့်အညီ လုပ်ဆောင်နိုင်ကာ တီထွင်ဖန်တီးနိုင်စွမ်းရှိသော ဘဏ်တစ်ခု ဖြစ်လာစေရန်။




## ကျွန်ုပ်တို့၏ တာဝန်

- ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုတို့ ပါဝင်သော ခိုင်မာသည့် ငွေရေးကြေးရေး စွမ်းဆောင်ရည်အားဖြင့် ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံသူများအတွက် တန်ဖိုးထားမှုကို ဖန်တီးခြင်း။
- ကော်ပိုရိတ်၊ SMEs/ MSMEs များနှင့် သုံးစွဲသူကဏ္ဍများအား ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း။
- ဘဏ်ခွဲများ၊ ကိုယ်စားလှယ်ဘဏ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်ဖြန့်ဖြူးရေး လမ်းကြောင်းများမှတဆင့် ဘဏ္ဍာရေးဆိုင်ရာ အလုံးစုံပါဝင်နိုင်မှုကို မြှင့်တင်ခြင်း။
- ချမှတ်ထားသော စည်းကမ်းကျင့်ဝတ်များကို အတိအကျလိုက်နာသည့် ဝန်ထမ်းအင်အားကို ဖန်တီးနိုင်ရန် စွမ်းရည်ပြည့်ဝသူများအားစုဆောင်းပြီး တိုးတက်အောင် လုပ်ဆောင်ခြင်း။
- ဘဏ်တွင်းလုပ်ဆောင်ချက်များနှင့် သုံးစွဲသူများကို နည်းပညာကို အခြေခံ၍ လုပ်ဆောင်နိုင်စေရန်အတွက် လုံခြုံစိတ်ချရသော သတင်းအချက်အလက် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦကိုတည်ဆောက်ခြင်း။

## MCB ၏ အဓိကတန်ဖိုးထားမှုများ


- လေးစားတန်ဖိုးထားမှု၊ ရိုသေကိုင်းရှိုင်းမှုနှင့် ဖော်ရွေ ပျူငှာမှု။
- သိက္ခာသမာဓိရှိမှုနှင့် ကျင့်ဝတ်လိုက်နာမှု။
- ယုံကြည်စိတ်ချရမှုနှင့် ရိုးသားဖြောင့်မတ်မှု။
- ဝန်ဆောင်မှုပေးအပ်ရာတွင် ကတိကဝတ်နှင့် အညီ ဆောင်ရွက်ပေးမှု။
- သုံးစွဲသူများအား ကျွမ်းကျင်ပိုင်နိုင်စွာ ဝန်ဆောင်မှု ပေးနိုင်မှု။


# Our Value
# MCB ၏ လုပ်ငန်းခွင်ယဉ်ကျေးမှု

- စွမ်းဆောင်ရည်အား တွန်းအားပေးခြင်း
- သုံးစွဲသူအား ဗဟိုပြုခြင်း
- ဆုံးရှုံးနိုင်ခြေရှိမှုနှင့် လိုက်နာဆောင်ရွက်မှု
- ကျင့်ဝတ်နှင့်ညီညွတ်သော ဘဏ်လုပ်ငန်း
- ဒစ်ဂျစ်တယ်ဆိုင်ရာ ဦးစားပေးဆောင်ရွက်ခြင်း
- လူများ၊ လုပ်ငန်းစဉ်နှင့် စနစ်
- အဖွဲ့လိုက် လုပ်ဆောင်ခြင်း
- ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ တွေးခေါ်မှု
- ရေရှည်ကြံ့ခိုင်မှု
- သင်ကြားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး







# ဥက္ကဋ္ဌ၏ အစီရင်ခံစာ


တိုးအောင်မြင့်
ဥက္ကဋ္ဌ

အစုရှယ်ယာရှင်များခင်ဗျား -

မင်္ဂလာပါ

စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်း လိုက်ပါတယ်။

မြန်မာနိုင်ငံသားများဘဏ်ရဲ့ ဥက္ကဋ္ဌတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရခဲ့တဲ့ ခုနှစ်တွေများစွာထဲက ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှာတော့ ဘဏ်လုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကောင်းတွေကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ပြီး ကောင်းမွန်တဲ့ ရလာဒ်ကောင်းတွေကို ရရှိခဲ့တဲ့နှစ်တစ်နှစ်ပဲ ဖြစ်ပါတယ်။ COVID-19 ကပ်ရောဂါသင့်တင့်သလောက် တည်ငြိမ်လာပြီးတဲ့နောက်မှာ ဘဏ်အနေနဲ့ ငွေရေးကြေးရေး ခိုင်မာတောင့်တင်းမှုနဲ့ ဘဏ်လုပ်ငန်းအသုံးပြုသူများရဲ့ ယုံကြည်မှုကို အခက်အခဲများကြားက ပြန်လည် တည်ဆောက်ပြီး ဘဏ်ရဲ့ ဘုတ်အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာစီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများရဲ့ စွမ်းစွမ်းတမံကြိုးစားအားထုတ်မှုများကြောင့် ဘဏ်ကို အသုံးပြုသူများ ပြန်လည်တိုးမြှင့်လာပြီး လုပ်ငန်းတွေကို ယခင်ထက် ပိုမိုတိုးချဲ့လာနိုင်ခဲ့ပါတယ်။ အခုလို mini budget year မှာ အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံသားများဘဏ် (MCB) အနေနဲ့ ယခုထက် ပိုမိုကောင်းမွန်သော စနစ်များဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်သွားပြီး ဒီထက်ပိုတဲ့ အောင်မြင်မှုတွေ ရရှိအောင် ကြိုးစားဆောင်ရွက်သွားဦးမှာ ဖြစ်ပါတယ်။ ယခင် ဖြစ်ပေါ်ခဲ့သည့် အကျပ်အတည်း များ၊ လုပ်ငန်းအခြေအနေ မတည်ငြိမ်မှုများအပေါ် သုံးသပ်ကာ အဘက်ဘက်က ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ မူဝါဒများကို ချမှတ်အကောင်အထည်ဖော်နေခဲ့ပြီလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဘဏ်လုပ်ငန်းတွေ ဆိုတာဟာ မိမိဘဏ်ကို စိတ်ချယုံကြည်သည့် မိမိတို့၏ customer များ၏ စုဆောင်းငွေ အပ်ငွေများနှင့် အစုရှယ်ယာရှင်များရဲ့ ထည့်ဝင်ငွေရင်းတွေအပေါ် ရပ်တည်ရတာမို့ ဘဏ်အနေနဲ့ မည်သည့်လုပ်ဆောင်ချက်မျိုးကို မဆို လုပ်ဆောင်ရာတွင် ပထမဆုံး ဦးစားပေး စဉ်းစားရမည့်သူများဟာ Customer နှင့် အစုရှယ်ယာရှင်များ ဖြစ်ပါတယ် ဆိုတာကို အသိပေးလိုပါတယ်ခင်ဗျာ။

မြန်မာနိုင်ငံသားများဘဏ်အနေနဲ့ မိမိတို့အစုရှယ်ယာရှင်များရဲ့ အကျိုးအမြတ်ကို အမြဲတမ်း စဉ်းစားကာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ဖို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝန်ထမ်းများရဲ့အင်အား ဒါရိုက်တာအဖွဲ့များရဲ့ပံ့ပိုးကူညီမှုစတာတွေနဲ့ ဘဏ်နှင့်အတူ အစုရှယ်ယာရှင်များရဲ့ အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိတယ်ဆိုတာကိုလည်း တင်ပြလိုပါတယ်။ MCB ဘဏ်ရဲ့ အဓိကမျှော်မှန်းချက်များ၊ ရေတိုရေရှည် စီမံကိန်းများသည် "မြန်မာနိုင်ငံ၏တိုးတက်ဖွံ့ဖြိုးမှုကို လိုက်ပါ ဆောင်ရွက်ရာတွင် ကူညီထောက်ပံ့ပေးခြင်းဖြင့် အစုရှယ်ယာရှင် များ၏ အကျိုးဖြစ်ထွန်းမှုကို ဖန်တီးပေးသော ခိုင်မာတည်ငြိမ်ပြီး ခံနိုင်ရည်ရှိသော၊ ကျင့်ဝတ်နှင့်အညီ လုပ်ဆောင်နိုင်ကာ တီထွင်ဖန်တီးနိုင်စွမ်းရှိသော ဘဏ်တစ်ခု ဖြစ်လာစေရန်" ဖြစ်တာကြောင့် မိမိတို့ဘဏ်တွင် အစုရှယ်ယာပိုင်ဆိုင်သော ရှယ်ယာရှင်ပေါင်း (၂၀၀၀) ခန့်၏ အကျိုးအမြတ်ဖြစ်ထွန်းမှုကို အစဉ်တစိုက် အကောင်အထည် ဖော်ဆောင်ရွက်နေခဲ့တာပဲ ဖြစ်ပါတယ်။ ဒီလိုအစွမ်းကုန်ကြိုးစား လုပ်ဆောင်ခဲ့တာတွေရဲ့ ရလာဒ်အဖြစ် ၂၀၂၀-၂၀၂၁ နှစ်ကုန်ပိုင်းမှာ ဘဏ်အနေနဲ့ အသားတင်အမြတ် မြန်မာကျပ်ငွေ ( ၅.၀၆ ဘီလီယံ ) (အခွန်ဆောင်ပြီးနောက်) ရရှိခဲ့ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ဘဏ်များ လိုက်နာရမည့် ညွှန်ကြားချက်တွင် သတ်မှတ်ထားသော အများဆုံးရှိရမည့် Non-Performing Loan ရာခိုင်နှုန်း (NPL%) သည် ၅ ရာခိုင်နှုန်း အောက်တွင် ရှိရမည်ဖြစ်ကာ သို့မှသာလျှင် အမြတ်ဝေစု ခွဲဝေပေးရမည်ဟု သတ်မှတ်ထားတာ ရှိပါသည်။ ကျွန်တော်တို့ MCB ဘဏ်ရဲ့ ချေးငွေ customer အများစုသည် COVID first wave, second wave , third wave နှင့် အခြားသော စိန်ခေါ်မှုများကြောင့် စီးပွားရေး အကျပ်အတည်းများစွာနဲ့ ရင်ဆိုင်ခဲ့ရပြီး ချေးငွေပြန်လည်ပေးဆပ်နိုင်မှုများ ကျဆင်းခဲ့တာတွေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မိမိတို့ဘဏ်အနေနဲ့ ချေးငွေပြန်လည်ပေးရန် ပျက်ကွက်သည့် customer များ များပြားလာခြင်းကြောင့် NPL% မှာ ၅% ထက် ကျော်လွန်နေခဲ့တယ်ဆိုတာကို တင်ပြလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစု ခွဲဝေပေးနိုင်ခြင်း မရှိကြောင်းကို ထည့်သွင်းဖော်ပြရင်း၊ အစုရှယ်ယာရှင်များ အခုလို အမြတ်ဝေစု မရရှိခြင်းအပေါ် များစွာစိတ်မကောင်းဖြစ်ရပါကြောင်းနှင့် အဆင်မပြေဖြစ်မှုများအတွက် နားလည်ခွင့်လွှတ်ပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါတယ်။နောက်နှစ်များမှာ ယခုထက်ပိုကြိုးစားသွားမည် ဖြစ်

ကြောင်း ကတိပေးလိုပါတယ် ခင်ဗျာ။

မြန်မာနိုင်ငံသားများဘဏ်ရဲ့ ချေးငွေကဏ္ဍမှာလည်း သိသိသာသာ တိုးတက်လာတာကို တွေ့ရမှာဖြစ်ပြီး ဘဏ်အနေနဲ့ နိုင်ငံရဲ့စီးပွားရေး တောင့်တင်းခိုင်မာဖို့ကို ရည်ရွယ်ပြီး နိုင်ငံအတွင်း ရှိကြတဲ့ စီးပွားရေးလုပ်ငန်းရှင် များကို အထောက် အပံ့ပေးဖို့အတွက်ကို အင်တိုက်အားတိုက်ကြိုးစားခဲ့ကြပါတယ်။ ချေးငွေကဏ္ဍမှာ Long Term, Short Term Loan များ၊ Invoice Financing, Hire Purchase, SME (JICA Loan), SME Enterprise, Staff Loan နှင့် Mobile Phone ချေးငွေများ စသည်တို့အတွက် ချေးငွေများ ထုတ်ချေးခဲ့ပါတယ်။ နိုင်ငံအတွက် အဓိကကျတဲ့ ကုန်သွယ်ရေးလုပ်ငန်း၊ စက်မှုလက်မှု လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းစတဲ့ စီးပွားရေး ကဏ္ဍအသီးသီးက လုပ်ငန်းရှင်များ အတွက် လိုအပ်တဲ့ ငွေရေးကြေးရေး အထောက်အပံ့ကို (၆) လတာ ကာလအတွင်း သိသိသာသာ အထောက်အပံ့ပေးခဲ့ပါတယ်။

MCB ဘဏ်အနေနဲ့ မိမိတို့ ဘဏ်ကို အသုံးပြုသူများ၏ လိုအပ်ချက်များကို အစဉ်မပြတ်လေ့လာ သုံးသပ်ကာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ နှင့်အညီ လမ်းညွှန်မှုများကို လိုက်နာလျက် ဘဏ်ရဲ့ သုံးစွဲသူများ၏ အမြတ်အစွန်းများ ရရှိနိုင်မည့် deposit product များ စွာကိုလည်း ဆွဲဆောင်မှုရှိသော အတိုးနှုန်းထားများပေးကာ ဘဏ်တွင် အပ်ငွေထားရှိသူ customer များအတွက် စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါ့အပြင်လည်း ဘဏ်၏ သုံးစွဲသူ customer များရဲ့ ယုံကြည်စိတ်ချမှုကိုလည်း တစ်ခဲနက်ရရှိထားခဲ့သည် မှာလည်း မှတ်တမ်းတင်ရမည့် အောင်မြင်မှုတစ်ခုပဲ ဖြစ်ပါတယ်။

နည်းပညာခေတ်မှာ နည်းပညာကို တွင်ကျယ်စွာအသုံးပြုပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ မြန်ဆန် မှန်ကန်စေရေးအတွက်ကို အစဉ်တစိုက် အားထုတ်ကာ အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ပါတယ်။ ဘဏ်ရဲ့ Mobile banking ဝန်ဆောင်မှုများ၊ Citizens Pay mobile wallet များ စသည်တို့ရဲ့ နည်းပညာပိုင်းဆိုင်ရာများကို အဆင့်မြှင့်တင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း မိမိတို့ဘဏ်၏ သုံးစွဲသူ customer များ ဘဏ်သို့လာရောက်စရာမလိုပဲ လက်ကိုင်ဖုန်းမှ တစ်ဆင့်ပင် မိမိတို့၏ ဝန်ဆောင်မှုများကို ရယူနိုင်ရန် ရည်ရွယ်ကာ အကောင်းဆုံး လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် ဘဏ်ဝန်ဆောင်မှုများအတွက် အရေးကြီးဆုံးဖြစ်သည့် Core banking ဝန်ဆောင်မှုများကိုလည်း နည်းပညာပိုင်းအဆင့်မြှင့်တင်ကာ မှန်ကန်တိကျသော ငွေကြေးဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တပြေးညီ ဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံသားများဘဏ်အနေနှင့် ယခုဆိုလျှင် နှစ်ပေါင်း (၃၀) တိုင် ဂုဏ်သိက္ခာနှင့် အစဉ်လာကြီးမားစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါတယ်။ (၁၂.၆.၂၀၂၂) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်၏ နှစ် (၃၀) ပြည့် ပုလဲရတုအခမ်းအနားကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အခြားသောဝန်ကြီးဌာနအသီးသီးမှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အထူးဧည့်သည်တော်များနှင့် မြန်မာနိုင်ငံသားများ ဘဏ်ကို နှစ်ပေါင်း (၃၀) တိုင် ခိုင်ခိုင်မာမာ အသုံးပြုပေးခဲ့ကြတဲ့ ဘဏ်ရဲ့ သုံးစွဲသူ မိဘပြည်သူများ၊ မိတ်ဖက်လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ကျင်းပခဲ့ပါတယ်။

အခုလို နှစ်ပေါင်း (၃၀) နှစ်တိုင်အောင် မြန်မာနိုင်ငံသားများဘဏ် (MCB) ဘဏ်ရယ်လို့ နာမည်တစ်ခုဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများတွင် အများနည်းတူ လုပ်ငန်းများတွင် ကျယ်စွာ လုပ်ဆောင်နိုင်နေသည်က မိမိတို့ MCB ၏ Loyal customer များရဲ့ ဘဏ်အပေါ်မှာထားရှိတဲ့ စိတ်ချယုံကြည်မှုတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဘဏ်ကို အစဉ်တစိုက် သုံးစွဲသူများအပေါ် ကျေးဇူးသိတတ်ပြီး စိန်ခေါ်မှုများပြားကာ အကျပ်အတည်းများစွာနဲ့ ရင်ဆိုင်နေရသည့် အခြေအနေမျိုးမှာတောင် MCB ဘဏ်အနေဖြင့် ဆုံးရှုံးနိုင်ခြေများကို လျော့ချပြီး customer များ၏ ပိုင်ဆိုင်မှုများ၊ အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ခိုင်ခိုင်မာမာလုံခြုံစိတ်ချရစွာဖြင့် အကောင်းဆုံးထိန်းသိမ်းကာ Stakeholder များအတွက် ကောင်းမွန်သော အတိုးနှုန်းထားများကို ဈေးကွက်တွင် ပြောင်းလဲနေသော တန်ဖိုးများနှင့်အညီ အချိန်နှင့်တပြေးညီ အမြဲသုံး သပ်ကာ ပံ့ပိုးပေးလျှက်ရှိပါသည်။ ထို့အပြင် အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို အချည်းနှီးမဖြစ်စေပဲ ဘဏ်၏ တဆင့်ပြီးတဆင့် ကောင်းမွန်တိုးတက်ပြောင်းလဲလာမှုများကို ဈေးကွက်တွင် တွေ့ရှိနိုင်ရုံသာမက အခုလို နှစ်ပတ်လည်အထွေထွေ အစည်းအဝေးများတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ချပြအစီရင်ခံတင်ပြလျက်ရှိပါတယ်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံသားများဘဏ်၏ ဒါရိုက်တာအဖွဲ့၊ စီမံအုပ်ချုပ် ရေးအဖွဲ့အစည်းများနှင့် ဝန်ထမ်းများအားလုံးသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အောင်မြင်မှုများ ရရှိအောင် အကောင်းဆုံး ကြိုးစားဆောင်ရွက်ခဲ့ကြပြီး Customer များ၏ အကျိုး၊ အစုရှယ်ယာရှင်များ၏ အကျိုးကို ရည်မျှော်ကိုးကာ အကောင်းမွန် ဆုံးကြိုးစားအားထုတ်ခဲ့ကြပြီး ဘဏ်၏လုပ်ငန်းများ ပိုမိုကောင်းမွန်စွာ လည်ပတ်နိုင်အောင် လုပ်ဆောင်ခဲ့ကြပါတယ်။ ဘဏ်၏ Customer Service ကို ပိုမိုကောင်းမွန်အောင် လိုအပ်သော သင်ကြားရေးများကိုလည်း ဝန်ထမ်းများအား စဉ်ဆက်မပြတ်လုပ်ဆောင်ပေးခဲ့ပြီး ဝန်ဆောင်မှု အဆင့်အတန်းကို မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ မိမိတို့ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကာ ဂုဏ်သိက္ခာရှိပြီး စွမ်းဆောင်ရည်မြင့်မားသောဘဏ်တစ်ခု အဖြစ် အမြဲတမ်းမှတ်တမ်းတင်နိုင်ရန် ကြိုးစားလျက်ရှိပြီး ဆက်လက်လည်း ဒီထက်ပိုကြိုးစားဆောင်ရွက်သွားမယ် ဆိုတာကို ကတိပြုလိုပါတယ်။ ဒါ့အပြင် MCB ဘဏ်ကို နှစ်ပေါင်း (၃၀) တိုင် ယုံကြည်စိတ်ချစွာဖြင့် ရင်းနှီးမြှုပ်နှံကြသော အစုရှယ်ယာရှင်များ၊ customer များအားလုံးကို မြန်မာနိုင်ငံသားများဘဏ်မှ ဒါရိုက်တာအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့အစည်းနှင့် ဝန်ထမ်းများအားလုံးကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့်၊ ရှေ့ဆက်ပြီး ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ၊ အကျိုးအမြတ်များ ရရှိအောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း နှင့် ရလာဒ်ကောင်းများကို နောက်နှစ်များတွင် ယူဆောင်လာမည် ဖြစ်ပါကြောင်း ကတိပေးရင်း နိဂုံးချုပ်လိုက်ရပါသည် ခင်ဗျား။ အစုရှယ်ယာရှင်များအားလုံး ဘေးအန္တရာယ်ကင်းကွာပြီး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းဖြင့် ပြည့်စုံပါစေလို့ ဆုတောင်း မေတ္တာပို့သလိုက်ရပါသည် ခင်ဗျား......

လေးစားစွာဖြင့်

တိုးအောင်မြင့်

ဥက္ကဋ္ဌ

## ဒါရိုက်တာအဖွဲ့

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၂၉) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီး၏ သဘောတူအတည်ပြုချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။



ဦးတိုးအောင်မြင့်
ဒါရိုက်တာ



ဦးမင်းမင်း
ဒါရိုက်တာ



ဦးကိုကိုကြီး
ဒါရိုက်တာ



ဦးလှဦး
ဒါရိုက်တာ



ဦးထွန်းလှိုင်
ဒါရိုက်တာ



ဦးအုန်းဆိုင်
ဒါရိုက်တာ



ဦးဇေယျာသူရမွန်
ဒါရိုက်တာ



ဒေါ်ခင်မာမြင့်
ဒါရိုက်တာ




ဦးအောင်အောင်
ဒါရိုက်တာ



ဦးအောင်စိုး
သီးခြားလွတ်လပ်သော
ဒါရိုက်တာ

## Corporate Govenance

## (ကော်ပိုရိတ် အုပ်ချုပ်မှုစနစ်)




MCBသည် ကော်ပိုရိတ်အုပ်ချုပ်မှုနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်များအား တိကျစွာလိုက်နာဆောင်ရွက်ခြင်း မူဝါဒဖြင့် ဘဏ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေပါသည်။ ဒါရိုက်တာအဖွဲ့(ဘုတ် အဖွဲ့) သည် ဘဏ်၏ အဓိက မူဝါဒများ၊ လမ်းညွှန်ချက်များ နှင့် နှစ်စဉ် မဟာဗျူဟာများကို ပြင်ဆင်ရေးဆွဲခြင်းတွင် ပါဝင်ဆောင်ရွက်ပြီး ကြီးကြပ်ကွပ်ကဲမှုများကို လုပ်ဆောင်ပေးပါသည်။

ဘဏ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုများအား ဘုတ်အဖွဲ့မှ စီမံခန့်ခွဲရန်အပ်နှင်းထားသော သက်ဆိုင်ရာ ကျွမ်းကျင်လူပုဂ္ဂိုလ်များ၊ ဌာနများက စီမံခန့်ခွဲမှုကောင်းများကို သင့်လျော်သည့် လုပ်ပိုင်ခွင့် အဆင့်ဆင့်ဖြင့် စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ငန်းအားလုံးကို ဆောင်ရွက်ရန် အတွက် အတူတကွ ဆောင်ရွက်ကြပါသည်။

ထို့ပြင် ဘုတ်အဖွဲ့သည် ချေးငွေကော်မတီ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးကော်မတီ၊ ဝန်ထမ်းစုဆောင်းခြင်းနှင့် လုပ်ခလစာဆိုင်ရာ ကော်မတီ၊ စာရင်းစစ် ကော်မတီ၊ ပိုင်ဆိုင်မှုနှင့် တာဝန်ယူမှု ဆိုင်ရာကော်မတီ၊ နည်းပညာ ဆိုင်ရာ ဦးဆောင်ကော်မတီ၊ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ကော်မတီ စသည်တို့ မှ တစ်ဆင့် စီမံခန့်ခွဲမှုအဖွဲ့များမှ ဆောင်ရွက်လျက်ရှိသော နေ့စဉ်လုပ်ငန်းဆောင်တာများတွင် လုပ်ဆောင်ချက်များရှင်းလင်းတင်ပြမှုများ အပေါ်တွင် ကြီးကြပ် ကွပ်ကဲလျက်ရှိပါသည်။

စီမံခန့်ခွဲမှု လုပ်ငန်းဆောင်တာများအပေါ် ကြီးကြပ်မှုနှင့် အပြန်အလှန်စစ်ဆေး ထိန်းကျောင်းမှုတို့ လုပ်ဆောင်ရာတွင် အဆိုပါ ကော်မတီများ၏ တိုက်ရိုက်ကြီးကြပ်မှု၊ အစီရင်ခံခြင်း တို့မှတစ်ဆင့် စည်းစနစ်ကျသော ကော်ပိုရိတ် အုပ်ချုပ်မှုနှင့် လိုက်နာဆောင်ရွက်မှု အခြေအနေများအား အမြဲမပြတ် စောင့်ကြည့် အကဲခတ်နိုင်စေရန်ရည်ရွယ်ပြီး ကော်မတီများ ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။



MCB ၏ ကော်ပိုရိတ် အုပ်ချုပ်မှုစနစ်သည် ဘဏ်အတွင်းရှိ ဝန်ထမ်းများအားလုံး၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို မြှင့်တင်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ခိုင်မာသော ကော်ပိုရိတ် အုပ်ချုပ်မှုစနစ်ရှိသောကြောင့် ကျွန်ုပ်တို့၏ဘဏ်သည် စီမံခန့်ခွဲမှုကောင်းမွန်ကြောင်းနှင့် ယင်းစီမံခန့်ခွဲမှု၏ အကျိုးစီးပွားများသည် ကျွန်ုပ်တို့၏ရှယ်ယာရှင်များနှင့် သုံးစွဲသူများအတွက် အကျိုးအမြတ် ရှိကြောင်းကို ပွင့်လင်းမြင်သာမှုရှိစွာ နှစ်စဉ်အစီရင်ခံ တင်ပြနိုင်စေရန်အတွက် အထောက်အကူပြုပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ဘဏ်သည် ဘဏ်လုပ်ငန်းနယ်ပယ်တွင် အများနည်းတူ ယှဉ်ပြိုင်နိုင်ပြီး ခိုင်မာသည့်အခြေအနေတစ်ခုတွင် ရပ်တည်နေပြီးလည်း ဖြစ်ပါသည်။

# Board Committees (ဘုတ်အဖွဲ့ကော်မတီများ)

## 1 ချေးငွေကော်မတီဘုတ်အဖွဲ့ (BCC)

BCC သည် (၁)ဘဏ်၏ ချေးငွေဆုံးရှုံးခြင်း ဆိုင်ရာစီမံခန့်ခွဲမှုကို ကြီးကြပ်ခြင်း (၂) ဘဏ်ချေးငွေ အချက် အလက်၏ အရည် အသွေးနှင့်စွမ်းဆောင်ရည်ကိုပြန်လည်သုံးသပ် ခြင်းနှင့် (၃)ချေးငွေအဆိုပြု ချက်များအပေါ် ဆုံးဖြတ်ချက်ချခြင်း (အတည်ပြုခြင်း (သို့မဟုတ်)ပယ်ချခြင်း)များပါဝင်သည့် ဘဏ်၏ ချေးငွေနှင့်ငွေချေးခြင်းဆိုင်ရာ မဟာဗျူဟာများနှင့် ရည်ရွယ်ချက်များကိုကြီးကြပ် ရန်ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

## 2 ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးကော်မတီ (BRMC)

BRMC သည် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးမူဘောင်တစ်ခုအား တည်ထောင်ခြင်း၊ လုပ်ငန်းများ၏ ထိ ရောက်မှုနှင့် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းများပေါ် တွင် ကြီးကြပ်ကွပ်ကဲရန်နှင့် ပြန်လည် သုံးသပ်ခြင်း စသည်တို့ကို လုပ်ဆောင်ရန်ဖြစ်ပြီး အရည်အသွေး ပြည့်မီသော ထုတ်ကုန်နှင့်ဝန်ဆောင်မှု များဖြစ်လာစေရန်အတွက် ဆုံးရှုံးနိုင်ခြေရှိမှုများအား ကြိုတင်ကာကွယ်တားဆီးနိုင်ရန် အတွက်ဖွဲ့စည်း ထားခြင်း ဖြစ်ပါသည်။

## 3 စာရင်းစစ်ကော်မတီဘုတ်အဖွဲ့ (BAC)

BAC သည် ဘဏ်၏ အုပ်ချုပ်မှု၊ ဆုံးရှုံး နိုင်ခြေ စီမံခန့်ခွဲမှုနှင့် ဘဏ် အတွင်းကန့်သတ်ထိန်းချုပ်မှု ဆိုင် ရာအလေ့အကျင့်များအား စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်ဖြစ်ပါသည်။ ကော်မတီသည်အဖွဲ့အစည်း ၏လုပ်ငန်းများ ထိရောက်စွာ လက်တွေ့လုပ်ဆောင်နိုင်ခြင်း ရှိခြင်း (သို့မဟုတ်) မရှိခြင်း နှင့် ပက်သတ် သည့်လေ့လာတွေ့ရှိချက် အစီရင်ခံစာများ၊ အကြံဉာဏ်များနှင့် လမ်းညွှန်မှုများကို ပံ့ပိုးပေး ခြင်းဖြင့် ဘုတ် အဖွဲ့နှင့် စီမံခန့်ခွဲမှုများကို အကူအညီပေးရန် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

## 4 ဝန်ထမ်းစုဆောင်းခြင်းနှင့် လုပ်ခလစာဆိုင်ရာ ကော်မတီ (RNC)

RNC သည် နိုင်ငံခြားသားပညာရှင်များအပါအဝင် စီမံခန့်ခွဲမှုအဆင့်တွင် ရှိသောဝန်ထမ်းများ၏ လုပ် ငန်း လုပ်ဆောင်စွမ်းရည် လိုအပ်ချက်များကို သုံးသပ်ရန်နှင့် ဝန်ထမ်းခန့်အပ်ခြင်းများနှင့် ဝန်ထမ်းများ၏ အကျိုးခံစားခွင့်များ နှင့် စပ်လျဉ်းပြီး ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းဖြစ်ပြီး ကော်မတီသည် ဘဏ်၏ ရေရှည်မဟာဗျူဟာမျှော်မှန်းချက်နှင့်အညီ ဈေးကွက်စံနှုန်းများနှင့် အလေ့အ ထများအရ HR ကိစ္စရပ် များကို စေ့စေ့စပ်စပ် သုံးသပ်ဆုံးဖြတ်ပြီး ဝန်ထမ်းများအား ဘဏ်လုပ်ငန်း၏ ကျွမ်းကျင်ပညာရှင်ပီသပြီး လုပ်ငန်းတိုးတက်မှုစွမ်းရည် မြင့်မားလာရန်လိုအပ်သည့် အကဲဖြတ်မှုများကို ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

# ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးမူဘောင်

အားလုံးလည်းသိရှိထားကြသည့်အတိုင်း ဘဏ်လုပ်ငန်းဆောင်ရွက်ရာတွင် အမျိုးမျိုးသော ကိစ္စရပ်များ၊ မျှော်မှန်းမထားသည့် အကျိုးသက်ရောက်မှုများနှင့် ဂုဏ်သိက္ခာဆိုင်ရာ နစ်နာဆုံးရှုံးမှုများဖြင့် ရင်ဆိုင် ကြုံတွေ့နိုင်သောကြောင့် ဘဏ်၏စီမံခန့်ခွဲမှုသည် ဆုံးရှုံးနိုင်ခြေရှိမှုများကို စီမံခန့်ခွဲမှုပဲဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နောက်ခံအကြောင်းအရာများနှင့် သက်ဆိုင်သော အချက်အ လက်စာရွက်စာတမ်းများ၊ လက်ရှိရေပန်းစားနေသော ဈေးကွက်အနေအထားများ၊ဩွန်းကိန်းများနှင့် အနာဂတ်တွင် ဖြစ်လာနိုင် ခြေ ရှိသည့် အဖြစ်အပျက်များပေါ်တွင် အခြေခံ၍ ဆောင်ရွက်ထားသော လုပ်ဆောင်မှုအားလုံးတွင် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများနှင့် အကျိုးသက်ရောက်မှုများကို ကြိုတင်မျှော်မှန်း တွက်ဆပြီး စိစစ်သုံးသပ်ရန်၊ ယင်းလုပ်ဆောင်မှုများမှတဆင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနိုင်ခြေများကို ခန့်မှန်းရန်နှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာ လမ်းညွှန်ချက်များကို ချမှတ်ရန်နှင့်။ သို့မ ဟုတ် ဖြစ်ပေါ်လာနိုင်ရှိသည့် ဆုံးရှုံးမှုများမှ ကာကွယ်ရန်အတွက် အဆိုပါဆုံးရှုံးနိုင်ခြေရှိမှုများကို လျှော့ချရန်သော်လည်းကောင်း၊ လျော့ပါးသက်သာစေရန်သော်လည်းကောင်း သတ်မှတ်ချက်များ (Parameters) ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက် (MCB) ၏ ဒါရိုက်တာများအဖွဲ့နှင့် Management Team သည် ဘဏ်လုပ်ငန်းအားလုံးတွင် ဆုံးရှုံးနိုင်ခြေများရှိကြောင်း ကောင်းစွာနားလည်သဘောပေါက်ထားကြပြီး ဖြစ်ပါသည်။ ထို့ကြောင့် MCB အနေဖြင့် ဘဏ်၏ ဖွဲ့စည်း ပုံတွင် ခိုင်မာသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုမူဘောင် (Risk Management Framework) ကို ထည့်သွင်းထားပြီး မူဝါဒ (Policy)၊ လက်စွဲစာအုပ် (Manual)၊ လမ်းညွှန်ချက်များ (Guidelines)၊ Standard Operating Procedure (SOP) များ၊ စီမံခန့်ခွဲရေးဆိုင်ရာ TOR များနှင့် ဒါရိုက်တာအဖွဲ့အဆင့်ရှိ Risk Committee များကို ဖွဲ့စည်းထားရှိ၍ နေ့စဉ်စီးပွားရေးနှင့် လုပ် ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်၍ လိုက်နာကျင့်သုံးလျက်ရှိပါသည်။ ဘဏ်၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအားလုံးအတွက် MCB သည် အဓိကကျသော Risk Area (4) ကို သတ်မှတ်ထားပါသည်။ ၎င်းတို့မှာ - Credit Risk ၊ Operations Risk ၊ Market & Liquidity Risk နှင့် IT & Cyber Risk တို့ဖြစ်ကြပါသည်။ ထို့ပြင် Head of Integrated Risk Management Department (Chief Risk Officer – CRO) က ဦးဆောင်သည် Integrated Risk Management Department (IRMD) အောက်တွင် အခြား Risk Management Unit (4) ခုဖြစ်သော Credit Risk Management Unit Operations Risk Management Unit Market & Liquidity Risk Management Unit နှင့် IT & Cyber Risk Management Unit ကိုလည်း ဖွဲ့စည်းထားရှိပါသည်။ အဆိုပါဌာနသည် သက်ဆိုင်ရာနယ်ပယ်များရှိ ဆုံးရှုံးနိုင်ခြေ များကို သတ်မှတ်ခြင်း၊ စောင့်ကြည့်။စိစစ်။အကဲဖြတ်။သုံးသပ်ခြင်းနှင့် တိုင်းတာခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ဘဏ်အနေဖြင့် ဆုံးရှုံးနိုင်ခြေဆိုင်ရာ အထွေထွေ အကျိုးသက်ရောက်မှုကို လျှော့ချရန်နှင့် အလုံးစုံသော ဆုံးရှုံးနိုင်ခြေရှိမှုများကို စီမံခန့်ခွဲရန်အ တွက် ထိန်းသိမ်းဆောင်ရွက်ချက် များနှင့် လျော့ပါးသက်သာစေနိုင်သည့် ဆောင်ရွက်ချက်များကိုလည်း ထပ်လောင်းအကြံပြုမည် ဖြစ်ပါသည်။

MCB အနေဖြင့် Risk Management Department / Unit များ၏ သတင်းပေးပို့သည့် လုပ်ငန်းစဉ်နှင့် ကြီးကြပ်ကွပ်ကဲမှုတို့နှင့် ဆက်စပ်၍ နိုင်ငံတကာတွင် လက်ခံကျင့်သုံးလျက်ရှိသော ကောင်းမွန်သော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ဆောင်ချက် များကိုလည်း တိကျစွာ လိုက်နာကျင့်သုံးပါသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် အငြင်းပွားမှုများကို ရှောင်ရှားရန်နှင့် Risk Manager များ/Risk Department များက သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကောင်းမွန်သော ဆုံးရှုံးနိုင်ခြေ စီမံခန့် ခွဲခြင်းဆိုင်ရာ လုပ်ဆောင်ချက်များနှင့်အညီ Risk Unit Head များအားလုံးသည် Head of IRMD (CRO) ထံသို့ သတင်း ပေးပို့ရမည်ဖြစ်ပြီး Head – IRMD onf Board Risk Management Committee (BRMC) ထံသို့ တိုက်ရိုက်သတင်းပေးပို့ အစီရင်ခံရမည်။ Head – IRMD နှင့်/သို့မဟုတ် Risk Manager များသည် CEO ၊ Senior Executive များနှင့်/ သို့မဟုတ် အခြား HOD များထံ သို့သာ လုပ်ငန်းကိစ္စများကို တိုက်ရိုက်ဆက်သွယ်တင်ပြသောကြောင့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အငြင်းပွားမှုနှင့်။သို့မဟုတ် လွန်ကဲစွာ ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် အနုတ်သဘောဆောင်သော လွှမ်းမိုးချုပ်ကိုင်မှုကို ဖြစ်စေနိုင်သည့် တိုက်ရိုက်အစီရင်တင်ပြခြင်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဆက်ဆံပြောဆို ခြင်းများ မရှိနိုင်တော့ပေ။ ထို့ကြောင့် Risk Management Department သည် ဆုံးရှုံးနိုင်သည့် အဖြစ်အပျက်များကို Board Risk Management Committee (BRMC) ထံသို့ အတားအဆီးမရှိဘဲ လွတ်လပ်စွာ အစီရင်ခံတင်ပြနိုင်ပါသည်။ ထို့အပြင် Board of Directors သည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး လုပ်ငန်းစဉ်များ၊ ဆုံးရှုံးနိုင်မှုများကို သတင်းပေးပို့ခြင်း၊ ဆုံးရှုံးနိုင်သည့် အဖြစ်အပျက်များနှင့် ဆုံးရှုံးနိုင်ခြေရှိမှုတို့ကို လျော့ပါးသက်သာရန်။ ထိန်းချုပ်ရန် ဆောင်ရွက်ချက်များအားလုံးကို BRMC မှတဆင့် ကြီးကြပ်ကွပ်ကဲမည်ဖြစ်ပါသည်။ MCB အနေဖြင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းသည် Risk Management Department / Committee သို့မဟုတ် Risk Manager များသာမက ဘဏ်တစ်ခုလုံးရှိ ဝန်ထမ်းများအားလုံး၏ လုပ်ငန်းတာဝန်များဖြစ်ကြောင်း MCB မှ ယုံကြည်လက်ခံထားပါသည်။ ထို့ကြောင့် ဘဏ်၏ အလုံးစုံသော ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုများအတွက် ဝန်ထမ်းအားလုံးတွင် တာဝန်ရှိကြောင်း နားလည်သဘောပေါက်ကြစေရန် အမြဲတမ်း ကြိုးစားအားထုတ်လျက်ရှိပါသည်။

ယေဘုယျအားဖြင့် ဆုံးရှုံးနိုင်သည့် အဖြစ်အပျက်များ၊ မတော်တဆမှုများကို တားဆီးရန်နှင့်/သို့မဟုတ် ထိခိုက်နစ်နာမှုများကို စီမံခန့်ခွဲရန်၊ ထိန်းချုပ်ရန်နှင့် လျော့ပါးသက်သာစေရန်အတွက် MCB ဘဏ်တွင် ကောင်းစွာ သင်ကြားလေ့ကျင့်ထားပြီးဖြစ်သော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုမူဘောင် (Risk Management Framework) တွင် တာဝန်ယူရသည့် အဆင့် (၄) ခုလည်းပါဝင်သည်။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရာတွင် ပထမအဆင့် တာဝန်ရှိသူများမှာ ဘဏ်အနေဖြင့် ဝန်ဆောင်မှုပေးအပ်သည့် ငွေသွင်းငွေထုတ်ငွေလွှဲခြင်း များ သို့မဟုတ် လုပ်ဆောင်ချက်များအားလုံးတွင် ဆုံးရှုံးနိုင်မှုကို လျော့နည်းစေသည့် ဝန်ဆောင်မှု

အရည်အသွေး ကောင်းမွန်ထိရောက်အကျိုးရှိနိုင်စေရန်အတွက် ငွေသွင်းငွေထုတ်ငွေလွှဲခြင်းများ။ သဘောတူဆောင်ရွက်ချက်များ၊ စေ့စပ်ညှိနှိုင်းခြင်း၊ အတည်ပြုခြင်းများ၊ SOP များ၊ မူဝါဒ၊ Manual များ၊ လမ်းညွှန်ချက်များ စသည်တို့ကို ဆောင်ရွက်ရာ၌ ပြင်ပ Customer နှင့်သော်လည်းကောင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်သော်လည်း တိုက်ရိုက်ဆက်ဆံပြောဆိုရသည့် Operations နှင့် Business Front နှစ်ခုစလုံးမှ Front Line Employee များနှင့် အခြား Executive များ/Management Staff များပဲဖြစ်ပါသည်။ ဒုတိယအဆင့်အနေဖြင့် Risk Management Unit များ/Department များ၊ Risk Manager များ၊ Risk Management Committee များနှင့် Board of Directors များသည် ဆုံးရှုံးနိုင်ခြေရှိမှုများကို အမြဲတမ်း စောင့်ကြည့်၊ စိစစ်၊ အကဲဖြတ်/သုံးသပ်၍ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ Risk Statement များကို ထုတ်ပြန်ခြင်း၊ ဆုံးရှုံးနိုင်ခြေလျော့ပါးသက်သာစေသည့် လုပ်ထုံးလုပ်နည်းများကို အကြံပြုခြင်း သို့မဟုတ် သတ်မှတ်ခြင်းတို့ကို ဆုံးရှုံးနိုင်သည့် အဖြစ်အပျက်များနှင့် သက်ရောက်မှုများကို တားဆီးရန် သို့မဟုတ် လျှော့ချရန်အတွက် တာဝန်ယူဆောင်ရွက်ကြပါသည်။ တတိယအဆင့် တာဝန်ရှိသည့် ဌာနများမှာ Internal Audit Department နှင့် Compliance and Governance Unit များဖြစ်ကြပြီး ဆုံးရှုံးနိုင်သည့် အဖြစ်အပျက်များနှင့် အကျိုးသက်ရောက်မှုများအား ဆုံးရှုံးနိုင်ခြေရှိမှုကို အခြေခံ၍ စာရင်းစစ်ခြင်းနှင့် Compliance/Governance ဆိုင်ရာ စစ်ဆေးခြင်းမှတဆင့် စဉ်ဆက်မပြတ် စောင့်ကြည့်စိစစ်ထိန်းချုပ်၍ သတင်းပေးပို့ကြပါသည်။ MCB အနေဖြင့် Compliance နှင့် Governance ဆိုင်ရာ ကိစ္စရပ်များတွင် "Zero Tolerance Policy" ဖြင့် ဆောင်ရွက်ကြောင်း နားလည်ထားရမည် ဖြစ်ပါသည်။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲသည့် အဆင့်များ၏ စတုတ္ထအဆင့်တွင် ဘဏ်၏ အလုံးစုံသော ဆုံးရှုံးနိုင်မှုများကို လျော့ပါးသက်သာစေရန်အတွက် ဆုံးရှုံးနိုင်ခြေကို သတ်မှတ်အကဲဖြတ်ရာ၌ ကူညီဆောင်ရွက်ပေးသည့် External Audit နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အချိန်နှင့်တပြေးညီ စုံစမ်းစစ်ဆေးခြင်း/စာရင်းစစ်ခြင်းနှင့် လမ်းညွှန်ချက်များပါဝင်ပါသည်။

ကောင်းစွာရေးဆွဲထားသော ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းပုံ၊ ဆုံးရှုံးနိုင်ခြေဆိုင်ရာ လုပ်ငန်းယန္တရားအတွင်း Functional Role နှင့်ဆက်စပ်သော ရှင်းလင်းဖော်ပြမှုနှင့် ဆုံးရှုံးနိုင်ခြေဆိုင်ရာ မူဘောင်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်မှုတို့နှင့်အတူ ကျွန်ုပ်တို့ တန်ဖိုးထားအပ်သော သုံးစွဲသူများ၊ ဥပဒေဆိုင်ရာ တာဝန်ရှိသူများနှင့် အခြားသော Stakeholder များက ကျွန်ုပ်တို့အပေါ် ယုံကြည်စွာဖြင့် လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းကြောင့် ကောင်းမွန် သော ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲသည့် အလေ့အကျင့်များဖြင့် MCB သည် အကောင်းဆုံး စီမံခန့်ခွဲထားသောဘဏ်များထဲမှ ဘဏ်တစ်ခုအဖြစ် သတ်မှတ်ခံထားရပါသည်။

# CEO ၏ အစီရင်ခံစာ



GOVINDA GURUNG
CEO

လေးစားအပ်ပါသော ဥက္ကဋ္ဌ၊ ဒါရိုက်တာများအဖွဲ့၊ Promoter များ၊ အစုရှယ်ယာရှင်များနှင့် stake holders များအားလုံး မင်္ဂလာပါ ခင်ဗျား ....
မြန်မာနိုင်ငံတွင် Covid-19 ကပ်ရောဂါနှင့် ယခုလက်ရှိရင်ဆိုင်နေရသော နိုင်ငံရေးအခြေအနေများ၏ နောက်ဆက်တွဲအနေဖြင့် မြန်မာနိုင်ငံ၏ Micro နှင့် Macro စီးပွားရေးကဏ္ဍနှစ်ခုစလုံး၏ စီးပွားရေး လုပ်ငန်း နယ်ပယ်အားလုံး နီးပါးတွင် တိုးတက်မှုရပ်တန့်နေခဲ့ရပါတယ်။ ဒါကြောင့် Mini Budget Year အတွင်း (၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ) နိုင်ငံ၏ စီးပွားရေးညွှန်းကိန်း များမှာလည်း နေးကွေးနေဆဲပဲဖြစ်ပါတယ်။ ဘဏ်များနှင့် ငွေရေးကြေးရေးစနစ်များအားလုံးအပေါ် ယိုယွင်းပျက်စီးခဲ့ရတဲ့ ပြည်သူများ၏ စိတ်ချယုံကြည်မှုက တိုးတက်မှု အနည်းငယ်ရှိခဲ့ပေမယ့် လိုချင်သည့် အတိုင်းအတာအထိ မရောက်ရှိသေးပါ။ ကိုဗစ်ကပ်ရောဂါနောက်ပိုင်း ကမ္ဘာ့စီးပွားရေး အရှိန်အဟုန်ဖြင့် ပြန်လည်ကောင်းမွန်လာမှုနှင့်အတူ အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးက တိုးတက်ကောင်းမွန်လာပေမယ့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးက နောက်ကောက်ကျကျန်ရစ်နေဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေး ကဏ္ဍသည် ကြီးမားသော စိန်ခေါ်မှုများနှင့် စိုးရိမ်ဖွယ်ရာ အခြေအနေများကို ရင်ဆိုင်ကြုံတွေ့နေရပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းနေရဆဲပင်ဖြစ်ပါတယ်။ ဒါရိုက်တာများ အဖွဲ့က ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် အတည်ပြုထားသော ကျွန်တော်တို့ MCB ဘဏ်၏ Corporate Strategy တွင် မျှော်မှန်းရေးဆွဲထားသည့်အတိုင်း လက်ရှိ Business Portfolio များကို စုစည်းခြင်း၊ Risk Assets Portfolio များ၏ အရည်အသွေးကို မြှင့်တင်ခြင်းနှင့် ပြန်လည်စိစစ်သုံးသပ်သည့်ကာလ အတောအတွင်း လုပ်ငန်း ဆောင်ရွက်မှု လုပ်ငန်းစဉ်များ တိုးတက်အောင် ဆောင်ရွက်ခြင်းတို့အပေါ် အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် Non-performing Loan (NPL) ကို သိသိသာသာ လျှော့ချနိုင်ခဲ့ပြီး Risk Assets Portfolio အရည်အသွေးမှာ သိသိသာသာ တိုးတက်ကောင်းမွန်လာခဲ့ပါတယ်။ ဘဏ်၏ ရေရှည် Vision ၊ Mission နှင့် ရည်မှန်းချက်များ အောင်မြင်မှုရရှိစေရန်အတွက် People, Process and System တိုးတက်လာစေမယ့် မဟာဗျူဟာမြောက် Action Plan များ၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများကို ပံ့ပိုးပေးနိုင်ရန် ကျွန်တော်တို့ရဲ့ လူစွမ်းအားအရင်းအမြစ် ပြည့်စုံလုံလောက်၍ စွမ်းရည်ရှိပြီး အရည်အချင်းပြည့်ဝမှု၊ စီးပွားရေးနှင့် Operational / Functional Process များကို ထိရောက်မှုရှိစေရေး၊ IT / Digital Space တိုးမြှင့်ရေး စသည်တို့အပေါ် အလေးထားဆောင်ရွက်ခဲ့ပါတယ်။ Medium-Term နှင့် Long-Term တွင် ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခြင်းနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကို မျက်မြင်ကိုယ်တွေ့တွေ့ရှိရသဖြင့် ကျွန်တော်တို့က လုပ်ငန်းတာဝန်၊ အခန်း ကဏ္ဍ အသီးသီးတွင် ဝန်ထမ်းအင်အား လုံလောက်မှုရှိစေရန် ဝန်ထမ်းသစ်များ ခန့်အပ်ခြင်းကို ဆောင်ရွက်နေသလို လက်ရှိဝန် ထမ်းများ၏ ကျွမ်းကျင်မှုနှင့် အရည်အချင်း တိုးမြှင့်မှုအတွက် ဘဏ်တွင်း၊ ပြင်ပပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ Training and Development များကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။ အရည်အချင်းပြည့်မီပြီး အတွေ့အကြုံရှိသော ဝန်ထမ်းများကို ခန့်အပ်ခြင်းနှင့် ဝန်ထမ်းများနှုတ်ထွက်ခြင်းက ယနေ့အချိန်အထိ HR Front အတွက် တကယ့်စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါတယ်။ Process Front တွင် ဘဏ်လုပ်ငန်းဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်တာများနှင့်အညီ ကျွန်တော်တို့ အနေဖြင့် မြောက်များစွာသော မူဝါဒများ၊ လမ်းညွှန်ချက်များ၊ လက်စွဲစာအုပ်များ (Manuals)၊ Standard Operating Procedures (SOP များ) ၊ Product Paper Guidelines (PPG များ) ၊ TOR များ၊ JD များ အစရှိသည်တို့ကို ရေးသားဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့သလို ဝန်ထမ်းများက ယင်းတို့၏ ရာထူးတာဝန်များတွင် ဘာကိုဆောင်ရွက်ရမယ်၊ ဘယ်လို ဆောင်ရွက်ရမယ်၊ ဘာကြောင့် ဆောင်ရွက် သင့်လဲနဲ့ ဘယ်ချိန်ဆောင်ရွက်သင့်လဲဆိုတာကို ရှင်းရှင်းလင်းလင်း သိရှိနားလည်စေရန် CEO Circulars များဖြင့် ဘဏ်၏လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များ ဖြန့်ဝေပေးခြင်းကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် IT/ Digital (System) Front တွင် အထူးသဖြင့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ တိုးတက်စေရေး၊ လုပ်ငန်းစဉ်ချောမွေ့ အဆင်ပြေစေရေး နှင့် CBS Front ရှိ MIS တွင် ကျွန်တော်တို့ လိုလားတဲ့ တိုးတက်မှုကိုရရှိခဲ့ပြီး ဘဏ်လုပ်ငန်း ဆောင်ရွက်ချက်များ ချောမွေ့အဆင်ပြေစေရေး

အတွက် Internal Automation တွင် ပိုမိုအလေးပေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ မြောက်များ လှစွာသော Chronic Legacy ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး သတင်းအချက်အလက်များ မှန်ကန်စေရန်လည်း ဆောင်ရွက်ဖြေရှင်းခဲ့ပြီး ဖြစ်ပါတယ်။ အလားတူ Digital Front ပိုင်းနှင့်ပတ်သက်ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို Customer များက လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် Remittance Software / Online Account Opening / Transaction Alerts အစရှိသည့် အောင်မြင်မှုရရှိထားတဲ့ စီမံကိန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ နောက်ထပ် CBS နှင့် Digital စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ဒီဂျစ်တယ်စနစ် ပိုမိုအသုံးတွင်စေရန် လုပ်ဆောင်နေပြီဖြစ်ပါတယ်။ဒါ့အပြင် ပြန်လည်စိစစ်သုံးသပ်သည့်ကာလတွင်လည်း Cost Management Guidelines များကို ရေးဆွဲ အကောင်အထည်ဖော်ပြီး ကုန်ကျစရိတ်များအကြောင်း နားလည်သဘောပေါက်ပြီး ထိထိရောက်ရောက် ဆန်းစစ်၍ စီမံခန့်ခွဲနိုင်ရေးကို ပိုမိုအလေးပေး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုအစွမ်း ကုန်ကြိုးစားခဲ့တာကြောင့် ကျွန်တော်တို့ဘဏ်အနေဖြင့် ပြန်လည်စိစစ်သုံးသပ်သည့် ကာလတွင် (Mini Budget Year (၆) လအတွင်း) အခွန်ဆောင် ပြီးနောက် အသားတင်အမြတ် (Net Profit After Tax) မြန်မာကျပ်ငွေ ၅.၀၆ ဘီလီယံ ရရှိခဲ့ပြီး ယင်းမှာ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် (၂၀၂၁ခုနှစ် စက်တင်ဘာလ ၃၀ ရက်အကုန်အထိ) အတွက် အခွန်ဆောင်ပြီးနောက် အသားတင် အမြတ် မြန်မာကျပ်ငွေ ၁.၅၂ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ၂၃၂% တိုးတက်လာခဲ့ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုပါတယ်။ ယခုအခါတွင် အပ်နံ့ငွေများနှင့် ချေးငွေနှစ်ခုစလုံးကို အသုံးပြုနေသည့် customer ဦးရေမှာလည်း ၂၅၀,၀၀၀ အထက်ရှိလာခဲ့ပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာလ အကုန်အထိ customer ဦးရေနှင့် နှိုင်းယှဉ်ပါက နှစ်ဆအထိ တိုးတက်လာခဲ့တာကြောင့် ကျွန်တော်တို့က မှန်ကန်သည့် လမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီ ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီလီမိတက်တစ်ခု အနေဖြင့် ကျွန်တော်တို့က customer များအတွက် "Customer Service Excellence" ကို အဓိကထား၍ အမြဲတမ်း အလေးပေး ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် "Zero Tolerance Policy" နှင့်အညီ ကျွန်တော်တို့၏ ရေရှည် Vision ၊ Mission နှင့် ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် သင့်လျော်သော ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု (Risk Management) နှင့် ကျင့်ဝတ်နှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများ (Ethical Business Practices) ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ MCB ၏ စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းကိုယ်စား ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံသားများဘဏ်၏ အစုရှယ်ယာရှင်များနှင့် stakeholder များအားလုံးအတွက် အမြတ်အစွန်းရရှိစေပြီး MCB ၏ စီးပွားရေးလုပ်ငန်းအောင်မြင်ကာ အကျိုးအမြတ်ခံစားနိုင်ရေးအတွက် အကောင်းဆုံး ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များနှင့် Stakeholder များအားလုံးအပေါ် အခိုင်အမာ ကတိကဝတ်ပြု ပြောကြားလိုပါတယ်။ ကျွန်တော့်အနေဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ customer များနှင့် ဝန်ထမ်းများအားလုံး အပါအဝင် ဥက္ကဌ၊ ဒါရိုက်တာများအဖွဲ့ နှင့် အစုရှယ်ယာရှင်၊ stakeholder များအားလုံးကို "အထူးကျေးဇူးတင်ရှိပါကြောင်း" ပြောကြားရင်း နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။

လေးစားစွာဖြင့်

Govinda Gurung
Chief Executive Officer

## အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ

### Executive Management Committee (EMC)

Executive Management Committee (EMC) သည် ဘဏ်၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ မဟာဗျူဟာများကို ခိုင်မာသော ပန်းတိုင်များနှင့် ရည်ရွယ်ချက်များဖြင့် ချမှတ်ဖော်ဆောင်ခြင်း၊ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက် ခြင်း၊ စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်မှု အကျိုးရလဒ်များကို ပြန်လည်သုံးသပ်ခြင်း၊ စစ်ဆေးခြင်း၊ လက်ရှိချမှတ်ဖော်ဆောင်နေသော ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် လိုက်ပါဆောင်ရွက် ခြင်းနှင့် ဘဏ်၏မဟာဗျူဟာနှင့် စီးပွားရေး၊လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ပြန်လည်ချမှတ်ဖော်ဆောင်ခြင်းတို့အား ကာလတို၊ ကာလလတ်နှင့် ကာလရှည် ရည်မှန်းချက်ပန်းတိုင် များချမှတ်ပြီး ဘဏ်၏မဟာဗျူဟာနှင့်အညီ အောင်မြင်မှုရရှိစေရန် အကောင်အထည်ဖော်ဆောင် ပေးသော ကော်မတီ ဖြစ်ပါသည်။

ထို့အပြင် Executive Management Committee (EMC) သည် စီးပွားရေးလုပ်ငန်းကိစ္စများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ သုံးစွဲသူများ၏ လိုအပ်ချက်များ၊ Feedback များ၊ ပြောင်းလဲလာသည့် လိုအပ်ချက်များ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပြဿနာများ အစရှိသည့် ဘဏ်၏ နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရသော လုပ်ငန်းဆောင်တာများကို လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်ရန် အတွက် ဆွေးနွေးတိုင်ပင်ဆုံးဖြတ်သည့် ကော်မတီတစ်ခုဖြစ်ပြီး အဆိုပါပြဿနာများကို ဖြေရှင်းနိုင် မည့်နည်းလမ်းများနှင့် လူများ၊ လုပ်ငန်းစဉ်နှင့် စနစ် (People, Process and System) နှင့် သက်ဆိုင်သည့် ကိစ္စရပ်အားလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက်လည်း ဆွေးနွေး တိုင်ပင်ညှိနှိုင်းဆုံးဖြတ်ကြပါသည်။



## အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ

### Head of Department (HOD)

Head of Department (HOD) များသည် EMCs မှ မဟာဗျူဟာနှင့်အညီ ချမှတ်ရေးဆွဲထားသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော တာဝန်ရှိသူများဖြစ်ပြီး ဝန်ထမ်းများကို စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ချက်များနှင့် မဟာဗျူဟာများချမှတ်ခြင်းတို့ကိုလည်း အဓိက စီစဉ်ဆောင်ရွက်ရသူများဖြစ်သည်။ MCB ၏ Head of Department များသည် ဝန်ထမ်းများကို ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် အရည်အသွေးများ တိုးတက်စေရန် မွမ်းမံပေးခြင်းဖြင့် လုပ်ငန်းဆောင်တာများကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန်နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင် စေရန်အတွက် အစဉ်မပြတ် အကဲခတ်ကာ လမ်းညွှန်မှုများ ပြုလုပ်လျက်ရှိပြီး MCB ၏ ချမှတ်ထားသည့် Mission, vision များကို အကောင်အထည်ဖော်နိုင်ရန် အတွက် ဦးစား ပေးစီမံခန့်ခွဲကာ လုပ်ငန်းများတိုးတက်အောင်မြင်အောင် လုပ်ဆောင်ကြပါသည်။ လုပ်ငန်းစွမ်းဆောင်ရည် ကျွမ်းကျင်ပြည့်ဝပြီး၊ အတွေ့အကြုံကောင်းများစွာရှိထားကာ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်အဆင်ပြေ ချောမွေ့စေရန်အတွက် အကောင်းဆုံးလုပ်ဆောင်နိုင်ကြသော MCB ၏ Head of Department များဖြစ်ကြပါသည်။



## ရေရှည်ဆက်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် နည်းလမ်းများ

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါနှင့် လူမှုစီးပွားပတ်ဝန်းကျင်များကြောင့် နောက်ဆက်တွဲ အနေဖြင့် မြန်မာနိုင်ငံသား များဘဏ် (MCB) အပါအဝင် စီးပွားရေးကဏ္ဍများနှင့် နိုင်ငံတစ်ခုလုံး၏ စီးပွားရေးတိုးတက်မှုကို ဆိုးရွားစွာ ထိခိုက်လျက် အမြတ်အစွန်းရရှိမှုများ ဆုံးရှုံးလျက် ရှိနေပါသည်။ သို့သော် MCB အနေဖြင့် ဘဏ်၏ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှု ကို အစဉ်လိုလားလျက် လက်ရှိတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာ (Growth Strategy) ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။

### ၁။ လူ၊ လုပ်ငန်းစဉ်နှင့် စနစ် (People, Process and System)

MCB သည် ဘဏ်၏ ဌာနများအားလုံးတွင် လူသား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍကို အရှိန်အဟုန်မြင့်လုပ်ဆောင် လျက်ရှိပြီး မိမိတို့၏ လူများ (People) ၏ အရည်အချင်းတိုးတက် ကောင်းမွန်စေရန် အလို့ငှာ ပံ့ပိုးကူညီပေးမှုများကို အရှိန် အဟုန်မြှင့် လုပ်ဆောင်လျက် MCB ၏အကောင်းဆုံးသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ အား လုပ်ငန်းကျွမ်းကျင်ပိုင်နိုင် သော ဝန်ထမ်းများက ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအတွက် ထိရောက်စွာလုပ်ဆောင်နိုင်ရန် လုပ်ငန်းစဉ် များ (Process) နှင့်ဘဏ်လုပ်ငန်း၏ သတင်းအချက်အလက်နည်းပညာစသည်တို့ကို ကောင်းမွန်ပိုင်နိုင်စွာ အသုံးချနိုင်မည့် စနစ် (System) ကိုကောင်းမွန်စွာ သတ်မှတ်ခြင်း ဖြင့် စွမ်းဆောင်ရည်နှင့် အရည်အသွေးအား တိုးတက်စေရုံသာမက စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကိုပါ လျော့ချစေနိုင်စေရန် ၊ သုံးစွဲသူထံသို့ အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုကိုပေးအပ်ရန်အတွက် MCB သည် အခြေခိုင်မာသော အစဉ်မပြတ်တိုးတက်စေမည့် လူများ၊ လုပ်ငန်းစဉ်နှင့် စနစ် (People, Process, System - PPS) များကို မဟာဗျူဟာတစ်ခုအနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည့်ဖြစ်ပါသည်။

### ၂။ လုပ်ကိုင်ဆောင်ရွက်မှု လုပ်ငန်းစဉ်အတွက် စံသတ်မှတ်ခြင်း (Functional Process Standardization)

Customer များထံသို့ အကောင်းဆုံးသောဝန်ဆောင်မှုများကိုပေးအပ်ရန်နှင့် ဘဏ်၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆုံးရှုံး နိုင်ချေများကို စီမံခန့်ခွဲရန်အတွက် MCB သည် ဝန်ဆောင်မှုပေးရာတွင် ထားရှိရမည့်စံနှုန်းများနှင့် လုပ်ငန်းလုပ်ဆောင်မှု ဆိုင်ရာ လုပ်ငန်းစဉ်များအားလုံးကို စံချိန်စံနှုန်းသတ်မှတ်ခြင်းနှင့် စံညွှန်းထားရှိခြင်းတို့ကို ဆောင်ရွက်ရန်အတွက် မဟာဗျူဟာများ ချမှတ်ထားရှိပါသည်။

### ၃။ အစီအစဉ်များ ပြန်လည်ရေးဆွဲခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်း (Re-engineering and re-vamping)

MCB ဘဏ်လုပ်ငန်း၏ အစဉ်မပြတ်တိုးတက်စေမှုအတွက် နည်းလမ်းနှင့် လုပ်ထုံးလုပ်နည်း များကို ပြန်လည်သုံးသပ် ပြင် ဆင်၍ ဘဏ်၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက် နည်းပညာ၊ စနစ်များ၊ ဒစ်ဂျစ်တယ် ဝန်ဆောင်မှုများ အတွက် အလုံးစုံစီးပွားရေးနှင့် ပတ်သတ်သည့် အကောင်းဆုံး လုပ်ထုံးလုပ်နည်းများဖြင့် ချမှတ်ဆောင်ရွက် ထားလျက် MCB သည်ဘဏ်လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များအား သင့်လျော်သောမူဝါဒ / လက်စွဲ / လမ်းညွှန်ချက်များ / SOPs များကို ပြန်လည်သုံးသပ်ခြင်းပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းအောင် လုပ်ဆောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း တို့ဖြင့် မဟာဗျူဟာကျကျ အာရုံစိုက် ဆောင်ရွက်လျက်ရှိပါသည်။

## ရှေ့ဆက်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် နည်းလမ်းများ

### ၄။ ချက်လက်မှတ်နှင့် ငွေသား နှစ်မျိုးလုံးပါရှိသော ဘဏ်အပ်နှံငွေစာရင်းအား စီမံခန့်ခွဲခြင်း။ (Deposit Mix Management)

MCB သည် သုံးစွဲသူ customer အသီးသီး၏ စိတ်ချယုံကြည်စွာဖြင့် ဘဏ်တွင်လာရောက်အပ်နှံထားသော အပ်နှံငွေများ အပေါ်တွင် အကောင်းဆုံး ဝန်ဆောင်မှုများ၊ အတိုးနှုန်းများ အပြင်၊ အပ်နှံငွေ ဆုံးရှုံးနိုင်ခြေရှိမှုများကို ကာကွယ်တားဆီးပေးခြင်း၊ ငွေဖြစ်လွယ်မှုအပေါ် သက်ရောက်နိုင်သည့်အန္တရာယ်များနှင့် အခြားဆက်စပ်သည့် ဆုံးရှုံးနိုင်ခြေရှိမှုများကိုလည်း လျှော့ချပြီး အပ်နှံငွေ ပိုမိုတိုးတက်လာမှုနှင့်အတူ ကောင်းမွန်ပြီး ရေရှည်တည်တံ့သော အပ်နှံငွေအရင်းအမြစ်တစ်ခုအား ဖန်တီးရန် မဟာဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

### ၅။ ချေးငွေပေါင်းစပ်ခြင်း (Loan Mix)

MCB ၏ချေးငွေများနှင့် ကြိုတင်ငွေ ကဏ္ဍနှင့်စပ်လျဉ်း၍ ထိရောက်စွာ စီမံခန့်ခွဲလျက် ကော်ပိုရိတ်ကဏ္ဍ (Corporate Segment) ၊ အသေးစားနှင့် အလတ်စား စီးပွားရေးကဏ္ဍ (SME Segment) နှင့် သုံးစွဲသူကဏ္ဍ (Consumer Segment) များသို့ အကောင်းဆုံးချေးငွေအမျိုးအစားများကို သက်ဆိုင်ရာနယ်ပယ်များအလိုက် ချထားပေးသွားရန် မဟာဗျူဟာချစီစဉ်ဆောင်ရွက် လျက် ရှိပါသည်။

### ၆။ အကောင်းမွန်ဆုံး ဝန်ဆောင်မှုပေးစွမ်းသူ (Service Excellency)

Customer များသည် MCB ဘဏ်၏ အဓိကအရေးကြီးဆုံးဦးစားပေးကဏ္ဍ ဖြစ်သည့်အားလျော်စွာ အကောင်းဆုံးသော ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ရေးအတွက် ဝန်ထမ်းများ၏အရည်အသွေးတို့ကို စောင့်ကြည့်စစ်ဆေးခြင်းတို့ အပေါ်တွင် အဓိကအားဖြင့် အခြေခံထားသည့် Customer Service Excellence Guideline တစ်ခုအားစတင် အကောင်အထည် ဖော်ဆောင်ရွက်နေသောကြောင့် သုံးစွဲသူများအား "Service Excellency" ဖြင့် ထိရောက်သော ဝန်ဆောင်မှုများကို စံချိန်စံနှုန်းပြည့်မီစွာ ဝန်ဆောင်မှုပေး နိုင်ရန် ဝန်ဆောင်မှုအားလုံးတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ customer များ၏ အဆင်ပြေချောမွေ့မှုကိုသာ အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါသည်။

### ၇။ သုံးစွဲသူကို ဗဟိုပြုသည့် လုပ်ဆောင်ချက်များ (Customer Centric Approach)

သုံးစွဲသူ၏ MCB ဘဏ်အပေါ် ယုံကြည်အပ်နှံမှုနှင့် စိတ်ချမှုသည် အရေးအကြီးဆုံးဖြစ်သည့် အတွက် သုံးစွဲသူများ၏ ဘဏ်လုပ်ငန်း၊ ငွေရေးကြေးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်မှာ ဦးစားပေးအချက်ဖြစ်၍ ဘဏ်၏ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ နှင့်လုပ်ကိုင်ဆောင်ရွက်သမျှကိစ္စ အားလုံးသည်သုံးစွဲသူများ၏ စိတ်ကျေနပ်မှုရရှိစေရန်နှင့် သုံးစွဲသူ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် Customer များကိုဗဟိုပြုပြီး မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

## ရှေ့ဆက်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် နည်းလမ်းများ

### ၈။ ဒစ်ဂျစ်တယ်လုပ်ငန်းအသွင်ကူးပြောင်းခြင်း
(Digital Transformation)

ဒစ်ဂျစ်တယ်လုပ်ငန်းအသွင်ကူးပြောင်းခြင်းသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထိရောက်မှု နှင့်လုပ်ငန်းခွဲခြမ်းစိတ်ဖြာမှု၊ ဆုံးရှုံးနိုင်ခြေရှိမှုစီမံခန့်ခွဲမှု၊ MIS သာမက သုံးစွဲသူ၏ အတွေ့အကြုံကို မြှင့်တင်ရာတွင်လည်း ဘဏ်များ၏ အဓိကလုပ်ငန်းစဉ်တစ်ခုအနေဖြင့် ကျယ်ပြန့်စွာအသုံးပြုလာ ကြသည့်အတွက် MCB ဘဏ်သည်လည်း Technology Driven Bank အဖြစ် အသိအမှတ်ပြုခံရရန်အတွက် အလေးထားလျှက်ရှိပြီး အဆက်မပြတ်ကြိုးစားအားထုတ်လျှက်ရှိကာ လက်တွေ့အကောင် အထည် ဖော်နိုင်မည့် အစီအစဉ်များနှင့် မဟာဗျူဟာအားလုံးကို ချမှတ်ထားပြီးဖြစ်ပါသည်။

### ၉။ လူ့စွမ်းအားအရင်းအမြစ်
(Human Resource)

လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဘဏ်၏လူ့စွမ်းအားအရင်းအမြစ်အား စွမ်းဆောင်ရည်ဆိုင်ရာ အကဲဖြတ်မှုအလေ့အထနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပြုစုပျိုးထောင်ပြီး ဖွံ့ဖြိုးတိုးတက်လာမည့် ဘဏ်၏ပိုင်ဆိုင်မှုတစ်ခုအနေဖြင့် MCB၏ လူသားအရင်းအမြစ်စွမ်းရည်များ အားကောင်းလာစေရန် မဟာဗျူဟာချ ဆောင်ရွက်လျက်ရှိပါသည်။

### ၁၀။ လိုက်နာဆောင်ရွက်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာ အယူအဆ
(Compliance and Governance Philosophy)

MCB ၏လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများကို "တိကျစွာ လိုက်နာဆောင်ရွက်ခြင်းမူဝါဒ - Zero Tolerance Policy" နှင့်အညီ လုပ်ငန်းလည်ပတ်မှု လုပ်ငန်းစဉ်များကို အမြင့်ဆုံးသော ကော်ပိုရိတ် အုပ်ချုပ်မှုစံနှုန်းများနှင့် ကျင့်ဝတ်ဆိုင်ရာ လုပ်ငန်းတန်ဖိုးများ၊ သမာ သမတ်ကျသော ဘဏ်လုပ်ငန်းစံနှုန်းများဖြင့် စီမံရေးဆွဲထားပါသည်။

### ၁၁။ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ
(Growth Strategy)

MCB ဘဏ်လုပ်ငန်း၏ ရေရှည်အမြတ်အစွန်းတိုးတက်ရရှိမှု ပန်းတိုင်များနှင့်အတူ စုစည်းထားသည့် မဟာဗျူဟာကို ချမှတ်ထားလျက် အကောင်းဆုံးပူးပေါင်းဆောင်ရွက်မှုများဖြင့် ယခုဘဏ္ဍာရေးနှစ်၏ ကနဦးကာလအတွင်း ဆုံးရှုံးနိုင်ခြေများ ကာကွယ်တားဆီးရေး၊ အမြတ်အစွန်းတိုးတက်ရရှိရေးတို့အတွက် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသော ဘဏ္ဍာရေး လျာထားချက်များ ကိုချမှတ်ချက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

## Yangon Stock Exchange တွင် Share ရောင်းဝယ်မှုအခြေအနေ

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် (၂၆.၀၈.၂၀၁၆) ရက်နေ့တွင် Yangon Stock Exchange တွင် Listed Company အဖြစ်ဘဏ်၏ အစုရှယ်ယာများကို စာရင်းတင် ရောင်းချခွင့်ရရှိခဲ့သော ပထမဆုံးသော ဘဏ်ဖြစ်ပါသည်။ ဈေးကွက်စတင်ဖွင့်လှစ်သည့်နေ့တွင် အခြေခံသတ်မှတ်ဈေးမှာ (၆,၈၀၀/-) ကျပ် သတ်မှတ်ခဲ့သော်လည်း ပေါက်ဈေးမှာ (၇,၈၀၀/-) ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် အမြင့်ဆုံး ရှယ်ယာဈေးနှုန်း (၁၃,၅၀၀/-) ကျပ် အထိ မြင့်တက်ခဲ့ပါသည်။ အရောင်းအဝယ် ပမာဏအားဖြင့် (၂၆.၈.၂၀၁၆) ရက်နေ့မှ (၃၀.၀၉.၂၀၂၂) ရက်နေ့အထိ စုစုပေါင်း ရှယ်ယာအစုရေ (၁,၀၇၀,၃၅၀) နှင့် တန်ဖိုးကျပ် (၈,၅၀၉) သန်းအထိ အရောင်းအဝယ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။



လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးမှာ ရှယ်ယာတစ်ခုလျှင်ကျပ် (၇,၉၀၀/-) ဝန်းကျင်ခန့် ဖြစ်ပါသည်။

## လက်ရှိရှယ်ယာပိုင်ဆိုင်မှုအခြေအနေ

12.36%
GENERAL PUBLIC
01

1914
SHAREHOLDERS

02
ENTREPRENEURS
77.80%

9.84%
GOVERNMENT
03

MINISTRY OF COMMERCE
THE REPUBLIC OF THE UNION OF MYANMAR

NEW GOLDEN GATE (1991) CO., LTD.
EXPORT & IMPORT

ATO
Ahtar Oo Co.,Ltd

Shwe Mè Logistics

CDSG
Capital Diamond Star Group

RGK+Z&A Group

GBS
YOUR GOOD BROTHER

FARMER PHOYAZAR

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## ထိပ်တန်း ရှယ်ယာရှင် (၂၀)ဦးစာရင်း ၂၀၂၁ - ၂၀၂၂

| စဉ် | ကုမ္ပဏီအမည် | ကုမ္ပဏီမှတ်ပုံတင် | ပိုင်ဆိုင်သည့် % |
|---|---|---|---|
| 1 | CAPITAL FINANCIAL HOLDING LTD | ၁၀၅၀/၂၀၁၅-၂၀၁၆(NWP) | ၂၂.၃% |
| 2 | CAPITAL DIAMOND STAR GROUP LTD | ၁၈၃၁/၂၀၁၂-၂၀၁၃ | ၁၅.၁% |
| 3 | DIAMOND STAR CO., LTD | ၁၆၅/၁၉၉၀-၁၉၉၁ | ၈.၉% |
| 4 | SHWE ME CO., LTD | ၁၃၇/၁၉၉၅-၁၉၉၆ | ၈.၀% |
| 5 | GOOD BROTHERS CO., LTD | ၁၂၁/၁၉၉၁-၁၉၉၂ | ၅.၆% |
| 6 | MINISTRY OF COMMERCE (MINISTER'S OFFICE) | | ၄.၆% |
| 7 | GOOD BROTHER MACHINERIES CO., LTD | ၄၂၇/၁၉၉၈-၁၉၉၉ | ၄.၁% |
| 8 | PAC LINK TRADING LTD | ၅၉၄/၁၉၉၈-၁၉၉၉ | ၄.၁% |
| 9 | JDS CO., LTD | ၆၁၁/၁၉၉၈-၁၉၉၉ | ၄.၁% |
| 10 | STAR UNION INVESTMENT LTD | ၇၀၉/၂၀၀၄-၂၀၀၅ | ၃.၅% |
| 11 | CONSUMER AFFAIRS | | ၂.၈% |
| 12 | FARMER PHOYARZAR CO., LTD | ၉၉၈/၁၉၉၉-၂၀၀၀ | ၂.၆% |
| 13 | DEPARTMENT OF TRADE | | ၂.၄% |
| 14 | YOUNG INVESTMENT GROUP CO., LTD | ၁၅၆/၂၀၀၅-၂၀၀၆ | ၂.၁% |
| 15 | VSK INTERNATIONAL CO., LTD | ၆၀၂/၁၉၉၈-၁၉၉၉ | ၂.၀% |
| 16 | AHTAR OO CO., LTD | ၅၇၈/၂၀၀၉-၂၀၁၀ | ၀.၆% |
| 17 | PRO 1 (MYANMAR) CO., LTD | ၂၃၃၈/၂၀၁၃-၂၀၁၄ | ၀.၆% |
| 18 | TUN THAW TAR TRADING CO., LTD | ၁၄၉/၁၉၉၈-၁၉၉၉ | ၀.၅% |
| 19 | FARMER PHOYARZAR GEMS CO., LTD | ၉၄၁/၂၀၁၄-၂၀၁၅ | ၀.၄% |
| 20 | FARMER PHOYARZAR MINING CO., LTD | ၁၄၇၁/၂၀၀၇-၂၀၀၈ | ၀.၄% |

THE CITIZENS' CHOICE

Anniv

CELEBR

12nd Jun





















MCB
Myanmar Citizens Bank

# ersary
RATION

ne 2022



# 2022 Financial Highlights



**Net Profit**
MMK 5.1 billion
231.9 % (YOY) ↑



**Operating Profit**
MMK 5.4 billion
64.4 % (YOY) ↑




**Total Deposit**
MMK 494.6 billion
7.1 % (YOY) ↓



**Total Assets**
MMK 625.7 billion
1.2 % (YOY) ↓




**Total Loan**
MMK 224.8 billion
11.8 % (YOY) ↓




**ROE Ratio**
7.4 %
5.1 % pt ↑


## Income Tax (MMK in Million)





## Dividend Paid Out (MMK in Million)




## Return on Equity (ROE)





## Return on Assets (ROA)




# 2022 Financial Highlights


## Owners' Equity (MMK in Million)





## Assets (MMK in Million)




## Return on Equity (ROE)





## Return on Assets (ROA)





## Capital Adequacy Ratio (CAR)




## Liquidity Ratio





## Reserve Ratio





# 2022 Financial Highlights

## Customer Loan to Deposit Ratio (LDR)




## Cost to Income Ratio (CIR)








Even though Time Deposit was 15 billion (-8.8%) decreased and the overall CASA Deposit was 23 billion (-6.3%) decreased, CASA Ratio was 0.6 % increased when compared to last year.


CASA Ratio = (Current + Savings + Call) / Total Deposits

# 2022 Financial Highlights

**Total Deposit (MMK in Million)**




**Total Loan (MMK in Million)**





Owing to the ongoing socio-economic situation of the country and prevailing restrictions in cash withdrawals, whole banking sector is facing the herculean challenge in soliciting the deposits and hence deposit has squeezed during the review period.


Similarly, industry, trade and overall business environments are still not fully revived after COVID-19 impact and thus MCB consciously adopted the consolidation strategy focusing more on recovery activities for reducing the NPL and improving the quality of loan portfolio than expansion strategy. Hence, we observed some contraction in loan portfolio as well.

Noteworthy fact is the contraction in business volume has been well compensated by substantial growth in profitability which has increased by 232% in mini-budget year of 6 months compared to previous fiscal year with 1 full year.)

| Total Loan (MMK'mil) | FY 2022 | FY 2021 | YoY(%) |
|---|---|---|---|
| Term Loan | 103,120 | 101,025 | 2% |
| Overdraft | 25,906 | 25,418 | 2% |
| SME | 27,488 | 30,513 | -10% |
| Trade Guarantee | 11 | 56 | -80% |
| HP & Other Consumer | 68,291 | 97,815 | -30% |
| Total | 224,816 | 254,828 | -12% |




| Total Deposit (MMK'mil) | FY 2022 | FY 2021 | YoY(%) |
|---|---|---|---|
| Current | 52,920 | 67,513 | -22% |
| Savings | 140,942 | 212,108 | -34% |
| Time | 157,569 | 172,823 | -9% |
| Call | 143,187 | 80,188 | 79% |
| Total | 494,618 | 532,632 | -7% |



# 2022 Financial Highlights

| Statement of Financial Position | 3/31/2022 | 9/30/2021 |
|---|---|---|
| **Assets** | | |
| Cash in hand and at bank | 131,745,363,460 | 85,606,149,625 |
| Loans & Overdrafts | 215,373,787,097 | 244,689,906,414 |
| Inverstments & T-bonds | 234,831,126,127 | 259,228,807,882 |
| Other assets | 23,032,131,898 | 22,500,175,900 |
| Property and equipment | 16,716,804,717 | 17,418,394,182 |
| Intangible Assets | 3,951,777,565 | 3,958,735,134 |
| **Total assets** | **625,650,990,863** | **633,402,223,136** |
| **Liabilities** | | |
| Deposits from customers | 494,617,778,465 | 532,631,985,689 |
| Other liabilities | 25,662,469,069 | 23,347,829,984 |
| Borrowings | 34,315,400,000 | 11,608,000,000 |
| **Total liabilities** | **554,595,647,534** | **567,587,815,673** |
| **Equity** | | |
| Issued & Paid up Capital | 57,124,662,800 | 57,124,662,800 |
| Reserves | 14,543,901,114 | 13,396,987,014 |
| Retained earning | (613,220,585) | (4,707,242,351) |
| **Total equity** | **71,055,343,329** | **65,814,407,463** |
| **Total liabilities and equity** | **625,650,990,863** | **633,402,223,136** |

| Income Statement | 31- Mar - 22 | 30- Sep - 21 |
|---|---|---|
| Interest income | 22,887,850,368 | 44,209,419,146 |
| Less-Interest expenses | (13,079,512,377) | (31,443,673,119) |
| **Net interest income** | **9,808,337,990** | 12,765,746,027 |
| Net fee and commission income | 1,825,238,994 | 2,217,897,067 |
| Other operating income | 727,013,681 | 1,502,409,638 |
| | **12,360,590,666** | 16,486,052,732 |
| Increase of specific provision | 695,917,856 | (3,165,253,082) |
| Increase of general provision | 256,644,444 | 1,709,315,355 |
| **Income before operating expenses** | **13,313,152,965** | 15,030,113,005 |
| Personnel expenses | (3,738,718,547) | (6,063,943,963) |
| Administration and general expenses | (2,231,670,244) | (5,085,619,926) |
| Depreciation and amortization | (1,001,022,412) | (2,058,038,326) |
| **Profit before income tax** | **6,341,741,762** | 1,822,510,791 |
| Income tax expenses | (1,276,319,473) | (296,205,050) |
| **Profit for the year** | **5,065,422,289** | 1,526,305,742 |
| Other comprehensive income | - | - |
| **Total comprehensive income** | **5,065,422,289** | 1,526,305,742 |
| **Earnings per share (Kyat per share)** | | |
| **Basic Earnings per share** | **487** | 147 |
| Diluted Earnings per share | 487 | 147 |




## မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ MCB ဘဏ်များ

- ကျောက်တံတား ဘဏ်ခွဲ
- ကျောက်တံတား (၂) ဘဏ်ခွဲ
- လသာ ဘဏ်ခွဲ
- ပန်းဘဲတန်း မီနီ ဘဏ်ခွဲ
- ဗိုလ်အောင်ကျော် ဘဏ်ခွဲ
- ပုစွန်တောင် ဘဏ်ခွဲ
- ရေကျော် ဘဏ်ခွဲ
- ကြည့်မြင်တိုင် ဘဏ်ခွဲ
- စမ်းချောင်း ဘဏ်ခွဲ
- စော်ဘွားကြီးကုန်း ဘဏ်ခွဲ
- တောင်ဥက္ကလာပ ဘဏ်ခွဲ
- ဒေါပုံ ဘဏ်ခွဲ
- ဘုရင့်နောင် ဘဏ်ခွဲ
- ဘုရင့်နောင် မီနီ ဘဏ်ခွဲ
- မြောက်ဥက္ကလာပ ဘဏ်ခွဲ
- ခရမ်း ဘဏ်ခွဲ
- မန္တလေး ဘဏ်ခွဲ (၁)
- မန္တလေး ဘဏ်ခွဲ (၂)
- မန္တလေး ဘဏ်ခွဲ (၃)
- မန္တလေး ဘဏ်ခွဲ (၅)
- မန္တလေး ဘဏ်ခွဲ (၆)
- မန္တလေး ဘဏ်ခွဲ (၇)
- မြင်းခြံ ဘဏ်ခွဲ
- မြဝတီ ဘဏ်ခွဲ
- နေပြည်တော် ဘဏ်ခွဲ
- နေပြည်တော် မြို့မဈေး ဘဏ်ခွဲ
- တောင်ကြီး ဘဏ်ခွဲ
- မူဆယ် ဘဏ်ခွဲ
- တာချီလိတ် ဘဏ်ခွဲ
- လားရှိုး ဘဏ်ခွဲ
- ပဲခူး ဘဏ်ခွဲ
- ပြည် ဘဏ်ခွဲ
- မကွေး ဘဏ်ခွဲ
- ရေစကြို ဘဏ်ခွဲ
- အောင်လံ ဘဏ်ခွဲ
- ပခုက္ကူ ဘဏ်ခွဲ
- ပုသိမ် ဘဏ်ခွဲ
- မြောင်းမြ ဘဏ်ခွဲ
- မုံရွာ ဘဏ်ခွဲ
- မော်လမြိုင် ဘဏ်ခွဲ
- ရွှေဘို ဘဏ်ခွဲ
- မြစ်ကြီးနား ဘဏ်ခွဲ
- စစ်တွေ ဘဏ်ခွဲ
- မြိတ် ဘဏ်ခွဲ
- ပြင်ဦးလွင် ဘဏ်ခွဲ
- ကမာကြည် ဘဏ်ခွဲ

# Products and Services

"Types Deposit Product ငွေစုစာရင်းအမျိုးအစားများ"

MCB ဘဏ်၏ အဓိကဘဏ်လုပ်ငန်းထုတ်ကုန် Product တစ်မျိုးဖြစ်သည့် Deposit Products (ငွေစုစာရင်းအမျိုးအစား) များကို အသုံးပြုသူ customers များ၏လိုအပ်ချက်များ အပေါ်မူတည်ပြီး Savings Accounts, Call Deposit, Current Account, Fixed Deposit, Recurring Deposit စသည်ဖြင့် အမျိုးအစားစုံလင်စွာ စီစဉ်ထားရှိပြီး အခါအားလျော်စွာ အထူးပရိုမိုးရှင်း အစီအစဉ်များအဖြစ် အတိုးနှုန်းကို ၉.၅ ရာခိုင်နှုန်း အထိ ပေးအပ်ထားပါသည်။




## Call Deposits (နေ့စဉ်အတိုးတွက်ချက်ပေးသည့်စာရင်းများ)

၁။ ပုံမှန်အပ်ငွေစာရင်း (Normal Call Deposit Account)
၂။ အထူးအပ်ငွေစာရင်း (Special Call Deposit Account)

## Current Accounts (စာရင်းရှင်စာရင်းများ)

၁။ ပုံမှန်စာရင်းရှင်စာရင်း (Normal Current Account)
၂။ အထူးစာရင်းရှင်စာရင်း (Special Current Account)

## Fixed Deposits (အချိန်ပိုင်းအပ်ငွေစာရင်းများ)

၁။ ပုံမှန်အချိန်ပိုင်းအပ်ငွေစာရင်း (Normal Fixed Deposit Account)
၂။ အထူးအချိန်ပိုင်းအပ်ငွေစာရင်း (Special Fixed Deposit Account)

## Savings Products (ငွေစုစာရင်းအမျိုးအစားများ)

၁။ ငွေစုဘဏ်အပ်ငွေစာရင်း (Savings Deposit Account)
၂။ အထူးငွေစုဘဏ်အပ်ငွေစာရင်း (Special Savings Deposit Account)
၃။ သက်ကြီးငွေစုဘဏ်အပ်ငွေ (Senior Savings Deposit Account)
၄။ နိုင်ငံခြားငွေလွှဲငွေစုအပ်ငွေစာရင်း (Remit Savings Account)
၅။ နိုင်ငံခြားသင်္ဘောသားငွေစုအပ်ငွေစာရင်း (Seafarer Savings Account)
၆။ ဝန်ထမ်းလစာပေးငွေစုအပ်ငွေစာရင်း (Payroll Savings Account)
၇။ လူငယ်ငွေစုအပ်ငွေစာရင်း (Youth Savings Account)
၈။ ကျောင်းသား၊ကျောင်းသူများငွေစုအပ်ငွေစာရင်း (Student Savings Account)

# Products and Services




### Recurring Deposit (ပစ်တိုင်းထောင်ငွေစုစာရင်း)

၁။ ကာလတိုစုအပ်ငွေစာရင်း (Short-term)
၁။ ကာလလတ်ငွေစုအပ်ငွေစာရင်း (Medium-term)
၁။ ကာလရှည်ငွေစုအပ်ငွေစာရင်း (Long-term) တို့ဖြင့် ဝန်ဆောင်မှုပေး လျက်ရှိပါသည်။

- ထို့အပြင် သက်ကြီးရွယ်အိုများနှင့် ပင်စင်စားဝန်ထမ်းများအတွက် အဓိက ရည်ရွယ်ထုတ်လုပ်ထားသည့် အထူးစုငွေစာရင်းတစ်မျိုးဖြစ်သော Senior Citizens Special Fixed Deposit ကို အတိုးနှုန်းအမြင့်ဆုံးအဖြစ် ၉.၂၅ ရာခိုင်နှုန်းအထိ ပေးအပ်ထားပါသည်။
- မိမိတို့၏အိမ်မက်များနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် မြင့်မားသော အတိုးနှုန်းဖြင့် ကာလတို၊ ကာလလတ်၊ ကာလရှည် ငွေစုချင်သူများအတွက်ရည်ရွယ်သည့် အတိုးနှုန်း ၈.၅ ရာခိုင်နှုန်းအထိ ရရှိနိုင်မည့်အပြင် ဘောနပ်စ်အတိုး ၀.၅ ရာခိုင်နှုန်းအထိပါ ရရှိနိုင်မည့် MCB ဘဏ်၏ Recurring Deposit Accounts များကိုလည်း ဝန်ဆောင် မှုပေးလျက်ရှိပါသည်။
- ပညာရေးနှင့်သက်ဆိုင်သောဝန်ဆောင်မှုအဖြစ် ပြည်တွင်းစာသင်ကျောင်းများ၊ တက္ကသိုလ်များနှင့် နိုင်ငံတကာမှလာရောက်ဖွင့်လှစ်လျက်ရှိသော တက္ကသိုလ်များတွင် ပိုမိုကောင်းမွန်သော ပညာရေးဝန်ဆောင်မှုများကို ရယူနိုင်ရန်ရည်ရွယ်၍ MCB ဘဏ်မှ Education Business Partnership Package များကို စီစဉ်ဆောင်ရွက်ထားရှိပြီး ပိုမိုကောင်း မွန်တဲ့ ပညာရေးရယူနိုင်ရန်အတွက် ဝန်ဆောင်မှုပေးအပ်လျက် ရှိပါသည်။
- အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများသာမက ကော်ပိုရိတ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပိုမိုကောင်းမွန်စွာ လည်ပတ်နိုင်ရန်ရည်ရွယ်၍ MCB ဘဏ်မှ Corporate Business Partnership Package များကို စီစဉ်ဆောင်ရွက်ထားပြီး ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

### Seafarer's Savings Accounts

နိုင်ငံရပ်ခြားရောက် မြန်မာသင်္ဘောသားများအတွက် အထူးသီးသန့်ရည်ရွယ်ထုတ်လုပ်ထားသော MCB Seafarer's Account သည် ငွေစုစာရင်း Saving Account အမျိုးအစားဖြစ်ပြီး ၎င်းတို့၏ ဝင်ငွေလစာများကို MCB Seafarer's Account အကောင့်ထဲသို့ တိုက်ရိုက်လွှဲပြောင်းနိုင်မည့်အပြင် ပြည်တွင်းရှိ ၎င်းတို့၏ မိသားစုဆွေမျိုးများအနေဖြင့် ပြန်လည်ထုတ်ယူရာတွင်လည်း ငွေသားအပြည့် အလွယ်တစ်ကူထုတ်ယူနိုင်မည့် အကောင့်အမျိုးအစားဖြစ်သည်။ MCB Seafarer's Savings Account ဖြင့် စုဆောင်းသူများသည် MCB ဘဏ်မှ ပေးအပ်မည့် တစ်ကိုယ်ရေအာမခံ (Personal Accident Coverage) နှင့် MCB JCB Platinum Card အမျိုးအစားတို့ကို ပါ အခမဲ့ အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။ ထို့အပြင် အခြားအားသာချက်တစ်ခုမှာ Seafarer's Saving Account ကို ၆ လကြာ အသုံးပြုပြီးသူများသည် MCB ဘဏ်၌ အိမ်ရာချေးငွေ၊ ပေါင်နှံချေးငွေနှင့် ကားဝယ်ယူရန်အတွက် ချေးငွေများကို ရယူရန် လျှောက်ထားပါက သတ်မှတ်ထားသော ဝန်ဆောင်မှုစရိတ်များအတွက် ၂၅ ရာခိုင်နှုန်းကို အထူးလျှော့ဈေးအဖြစ် ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။






# Products and Services




## Citizens Pay

မိမိတို့၏ နေ့စဉ်လူမှုဘဝလိုအပ်ချက်များနှင့် ငွေပေးချေမှုတို့အတွက် ပိုမိုကောင်းမွန် သာလွန်သော ငွေပေးချေမှုပုံစံသစ်နှင့် ငွေပေးချေမှုအဖြာဖြာအတွက် လွယ်ကူမြန်ဆန်စေရန်၊ အဆင်ပြေလွယ်ကူမြန်ဆန်မှုနှင့် အကောင်းဆုံးသော ဝန်ဆောင်မှုများကို ဆောင်ကျဉ်းပေးနိုင်ရန်နှင့် ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုများကိုပါ လုပ်ဆောင်နိုင်သည့် အကောင်းဆုံးသော မိုဘိုင်းငွေကြေးဝန်ဆောင်မှုအတွေ့အကြုံသစ်များကို ပေးစွမ်းနိုင်ရန်ရည်ရွယ်သည့် စီတီဇင်ပေးအပလီကေးရှင်းသည် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ငွေပေးချေမှုကို အလွယ်တကူလုပ်ဆောင်နိုင်မည့် လူမှုဘဝအကျိုးပြု အပလီကေးရှင်းတစ်ခုဖြစ်ပါသည်။ မိမိတို့၏ နေ့စဉ် လူမှုဘဝလိုအပ်ချက်များဖြစ်သော ဈေးဝယ်ယူခြင်း၊ ဘေလ်ပေးဆောင်ခြင်းမှသည် အစားအသောက်မှာယူခြင်းနှင့် အလှူဒါနပြုခြင်းများအထိပါ ငွေပေးချေမှုကို လျင်မြန်လွယ်ကူစွာ စမတ်ကျကျပြုလုပ်နိုင်မည့် ငွေကြေး ဆိုင်ရာ အပလီကေးရှင်းတစ်ခုဖြစ်သည်။ ထို့အပြင် စီတီဇင်ပေးအသုံးပြုသူများအတွက် အခါအားလျော်စွာပြုလုပ်ပေးလေ့ရှိသည့် အထူးပရိုမိုးရှင်းအစီအစဉ်များကို ခံစားခွင့်ရရှိနိုင်ရုံသာမက အသုံးပြုလေ အကျိုးထူးလေဖြစ်သည့် အစီအစဉ်ကောင်းများလည်း ပါဝင်နိုင်ပါသည်။

စီတီဇင်ပေးအပလီကေးရှင်းဖြင့် ငွေသွင်းငွေထုတ်ခြင်း၊ စီတီဇင်ပေးအကောင့်အချင်းချင်း သို့မဟုတ် အကောင့်မရှိသူမှ အေးဂျန့်ဆိုင်များမှတဆင့် စိတ်ကြိုက်ငွေလွှဲနိုင်ခြင်း၊ မိုဘိုင်းလ်ဖုန်း သို့မဟုတ် အင်တာနက်ဘေလ်ပေးဆောင်ခြင်း၊ မိမိ၏ ဘဏ်အကောင့်ဖြင့်ချိတ်ဆက်၍ ငွေပေးချေမှုမျိုးစုံကို ပြုလုပ်နိုင်ခြင်း၊ ချေးငွေပြန်ဆပ်ခြင်း၊ အွန်လိုင်းနှင့် ပြင်ပဈေးဆိုင်များတွင် ငွေပေးချေမှုများပြုလုပ်နိုင်ခြင်း၊ ပင်စင် သို့မဟုတ် လစာ၊ ချေးငွေထုတ်ပေးခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

## Bancassurance

MCB ဘဏ်နှင့် ၎င်း၏ မိတ်ဖက်အသက်အာမခံကုမ္ပဏီ Capital Taiyo Life Insurance တို့မှ အသုံးပြုသူ customer များ၏ မိသားစုနောင်ရေးအတွက် ကြိုတင်စီမံမှုများနှင့် ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ ၂၀၂၁ ခုနှစ်တွင် အာမခံဝန်ဆောင်မှုအသစ်များကို မိတ်ဆက်ပေးခဲ့ပါသည်။

ဝယ်ယူနိုင်သောအာမခံအမျိုးစားများမှာ -

- နှစ်တိုငွေပိုငွေရင်းအသက်အာမခံ
- ချေးငွေအတွက်အာမခံ
- ပညာရေးအာမခံ
- ကျန်းမာရေးအာမခံ
- ကိုယ်အင်္ဂါထိခိုက်မှုအတွက်အာမခံ

အမျိုးအစားတို့ကို ဝယ်ယူနိုင်ပါသည်။

နှစ်တိုငွေပိုငွေရင်းအသက်အာမခံဆိုသည်မှာ လူကြီးမင်းတို့အပေါ် ကျရောက်လာနိုင်သည့် မတော်တဆ အန္တရာယ်ကြုံတွေ့မှုများမှကြိုတင်ကာကွယ်နိုင်မည့်အပြင် အနာဂတ်အတွက်ပါ ကြိုတင်စုဆောင်းပြီးဖြစ်စေမည့် အသက်အာမခံအမျိုးအစားဖြစ်ပြီး အသက် ၁၀ နှစ်မှ ၆၀ နှစ်အတွင်း မည်သူမဆို ဝယ်ယူစုဆောင်းနိုင်မည်ဖြစ်သည်။ ထို့အပြင် မိမိတို့အနာဂတ်အတွက် သတ်မှတ်ထားသော အာမခံငွေပမာဏအား ၅ နှစ်မှ ၁၀ နှစ်အထိ အရစ်ကျပေးသွင်းပြီးဝယ်ယူစုဆောင်းနိုင်မည့် အာမခံအမျိုးအစားဖြစ်ပါသည်။ နှစ်တိုငွေပိုငွေရင်းအသက်အာမခံ၏ အကျိုးကျေးဇူးများမှာ

- မိမိစုဆောင်းထားသော အာမခံငွေပမာဏကို သက်တမ်းပြည့်ပါက စုဆောင်းငွေပမာဏအား တစ်လုံးတည်းထုတ်ပေးခြင်း
- သတ်မှတ်ထားသော အာမခံသက်တမ်းမပြည့်ခင် အကြောင်းတစ်စုံတစ်ရာကြောင့် အသက်ဆုံးပါးခဲ့လျှင်သော်လည်းကောင်း၊ ထာဝရမသန်စွမ်း ဖြစ်ခဲ့လျှင်သော်လည်းကောင်း ကျန်ရှိနေသော ငွေပမာဏအား ဆက်လက်ပေးသွင်းစရာမလိုဘဲ မိမိဝယ်ယူထားသော အသက်အာမခံငွေပမာဏအတိုင်း အပြည့်အဝ တစ်လုံးတည်းပေးလျော်ခြင်း
- နှစ်တိုင်ငွေပင်ငွေရင်းအသက်အာမခံကို ဝယ်ယူစုဆောင်းပါက ဝင်ငွေ ခွန်ပေးဆောင်ရာတွင် လျှော့ကျစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။



# Products and Services

## International Money Transfer Services (နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုများ)

ပြည်ပရောက် မြန်မာအလုပ်သမားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မြန်မာပြည်သို့ ငွေလွှဲချင်သော customer များအတွက်ရည်ရွယ်၍ MCB ဘဏ်သည် နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော Money Gram, Ria, Merchantrade, Queen Bee, DollarSmart, Thunes, Myanmar Remit စသည်တို့ဖြင့် ချိတ်ဆက်ထားပြီး နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။ ၎င်းတို့အနက် Money Gram, Ria, Merchantrade, Queen Bee တို့ဖြင့် ချိတ်ဆက်ပြီး ငွေလွှဲပေးပို့ပါက ပြည်တွင်းရှိငွေလွှဲလက်ခံထုတ်ယူသူသည် လျှို့ဝှက်နံပါတ် (Pin Code) ဖြင့် ငွေသားအကန့်အသတ်မရှိ ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် Ria, Queen Bee, DollarSmart, Thunes, Myanmar Remit တို့ဖြင့် ငွေလွှဲမည်ဆိုပါက မြန်မာနိုင်ငံရှိ MCB ဘဏ်အကောင့်ထဲသို့ နေ့ချင်းပြီး ငွေလွှဲနိုင်မည်ဖြစ်ပြီး Ria နှင့် Queen Bee တို့မှတဆင့် ငွေလွှဲပါက MCB ဘဏ်အကောင့်နှင့် စီတီဇင်ပေးမိုဘိုင်းအပလီကေးရှင်းထဲသို့ တိုက်ရိုက် ငွေလွှဲနိုင်မည်ဖြစ်ပါသည်။ MCB ဘဏ်အနေဖြင့် ပြည်ပမှ မြန်မာနိုင်ငံသို့ ငွေလွှဲပေးပို့ခြင်းကို ပိုမိုကောင်းမွန်လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရန် အတွက် အခြားသော နိုင်ငံတကာငွေလွှဲအဖွဲ့အစည်းများဖြင့်လည်း ထပ်မံချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။

MCB ဘဏ်တွင် ဆောင်ရွက်ပေးလျက်ရှိသော နိုင်ငံတကာ ငွေလွှဲအဖွဲ့အစည်းများမှာ - Money Gram, Ria, Merchantrade, Queen Bee, DollarSmart, Thunes, Myanmar Remit.







## MPU-JCB Co-Branded Cards

MCB ဘဏ်၏ MPU-JCB Co-Brand Card သည်ပြည်တွင်းရှိ MPU အဖွဲ့ဝင်ဘဏ်များ၏ ATM စက်များတွင်သာမက ပြည်ပနိုင်ငံများရှိ JCB အဖွဲ့ဝင်ဘဏ်များ၏ ATM စက်များတွင်ပါ အသုံးပြုနိုင်သည့် ဒစ်ဂျစ်တယ် ထုတ်ကုန်တစ်ခုဖြစ်သည်။ MCB ဘဏ်တွင် ရရှိနိုင်သော ကတ်အမျိုးအစားများမှာ


- Debit Card Type (Classic & Platinum)
- Prepaid Card Type

တို့ဖြစ်ပြီး အဆိုပါကတ်များကို အသုံးပြု၍ MCB ဘဏ်၏ Saving Accounts, Call/ Special Accounts များဖြင့် ချိတ်ဆက်ပြီး Easy & Smart Payment ဖြင့် ငွေပေးချေနိုင်ခြင်း၊ အွန်လိုင်းမှတဆင့် E-Commerce ဈေးဝယ်ယူမှုအတွက် ငွေပေးချေခြင်း၊ ပြည်တွင်းပြည်ပရှိ ATM စက်များတွင် ငွေသားများအလွယ်တကူထုတ်ယူနိုင်ခြင်း၊ Point of Sales (POS) ဝန်ဆောင်မှုများကို အသုံးပြုနိုင်ခြင်းတို့အပြင် ပြည်ပရှိနိုင်ငံပေါင်း ၁၉၀ ကျော်တွင် အသုံးပြုနိုင်ခြင်း စသည်တို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာလေဆိပ်များရှိ JCB Plaza Lounge များကို အခမဲ့ အသုံးပြုနိုင်ခြင်း၊ ဂျပန်နိုင်ငံရဲ့ JCB Airport Meeting Service များကို အခမဲ့ရယူနိုင်ခြင်း စသည့် အကျိုးထူးများကိုလည်း ရယူခံစားနိုင်မည် ဖြစ်ပါသည်။

# Products and Services

## MCB \ Digital Banking နှင့် Technology

Digital Banking နှင့် Technology ကို အသုံးပြုဆောင်ရွက်ရသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးနေသည့် ခေတ်သစ်၌ သုံးစွဲသူများ၏ နေထိုင်ရာနေရာမှနေ၍ အသုံးပြုလိုသည့် အချိန်တိုင်းတွင် ဘဏ်လုပ်ငန်း ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန်အတွက် ကျွန်ုပ်တို့၏ MCB ဘဏ်က ဝန်ဆောင်မှုပေးနေပါသည်။ ထိရောက်သော ဝန်ဆောင် မှုများပေးအပ်ရန်နှင့် မတူညီသည့် Digital Platform များမှ တဆင့် Customer Experience ကို တိုးတက်လာစေရန် MCB ဘဏ် အနေဖြင့် Digital Journey ကို စတင်လျှောက်လှမ်းနေပြီဖြစ်ပြီး Electronic Channel များမှတဆင့် ဘဏ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို သုံးစွဲသူများထံအရောက် ပံ့ပိုးပေးနေပြီဖြစ်ပါသည်။ ယနေ့ External Digital Channel များ/Platform များ၊ ပိုမိုကောင်းမွန်သည့် နည်းပညာ အသုံးပြု၍ ဆောင်ရွက်သော ထုတ်ကုန်၊ ဝန်ဆောင်မှုများနှင့် ဆက်စပ်သည့် External Solution များနှင့်၊သို့မဟုတ် ဆက်စပ်ဘဏ်လုပ်ငန်း ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် Mobile Banking / Internet Banking / Wallet Service / Card Services / e-Commerce / Remittance Software / AML/ CFT Software / Online Account Opening / Online Loan/ Trade Finance Application များ/ Functional Process Automation Solution များ အစရှိသည့် Software များကို တစုတစည်းတည်း အသုံးပြုနိုင်စေရန်အတွက် ကမ္ဘာတွင် ထင်ရှားကျော်ကြားသော T24 Core Banking System (CBS) ကိုလည်း အသုံးပြုနေပါသည်။ ဘဏ်အနေဖြင့် Technology Driven Bank ဖြစ် လာစေရန် မဟာဗျူဟာမြောက် ရည်မှန်းချက်များဖြင့် ကာလတို၊ ကာလလတ် နှင့် ကာလရှည် Action Plan များဖြင့် ပြုပြင်ပြောင်းလဲရန် IT and Digital Strategy ကို ချမှတ်ရေးဆွဲထားပါသည်။






## International Banking (နိုင်ငံခြားငွေလုပ်ငန်းဆောင်ရွက်ခြင်း)

MCB ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြည်ပနိုင်ငံများနှင့် နိုင်ငံခြား ဘဏ်လုပ်ငန်းများ ဆောင်ရွက်နိုင်သည့် နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် Authorized Dealer License ကို လျှောက်ထားခဲ့ရာ ၁၇-၈-၂၀၁၂ ရက်နေ့တွင် A.D License ကိုရရှိခဲ့ပါသည်။ ယခုအခါ နိုင်ငံခြားဘဏ်များနှင့် ဆက်သွယ် ရာတွင် လွယ်ကူချောမွေ့ပြီး ပိုမိုလုံခြုံစိတ်ချရမှုရှိစေရန် SWIFT (Society for Worldwide Inter Bank Financial Telecommunication) ကို ၅-၁-၂၀၁၃ ရက်နေ့တွင် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး၊ United Oversea Bank (UOB), Oversea Chinese Banking Corporation (OCBC Bank), DBS Bank United Bank of India, Malayan Banking Berhad (May Bank), ICBC, Krung Thai Bank, Siam Com-mercial Bank, Kasikorn Bank, Bangkok Bank, Shinhan Bank တို့နှင့် Correspondent Bank အဖြစ်ဆောင် ရွက်ခဲ့ပြီး၊ ငွေစာရင်းများဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယင်း Correspondent Bank များနှင့် ဘဏ်၏ Customer များသို့ နိုင်ငံခြားငွေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ်တိုး၍ အောက်ပါလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပါ သည်။

၁။ နိုင်ငံခြားငွေဖြင့် စာရင်းရှင်းစာရင်းများ ဖွင့်လှစ်ခြင်း
၂။ နိုင်ငံခြားငွေဖြင့် ငွေသွင်းငွေထုတ်ဆောင်ရွက်ပေးခြင်း
၃။ ပြည်တွင်းပြည်ပ Account Transfer လုပ်ငန်းများ
၄။ Exporters/Importers များအတွက် နိုင်ငံခြားငွေ ရောင်းဝယ်ခြင်းလုပ်ငန်းများ
၅။ Non-Trade Inward/ Outward များဆောင်ရွက်ပေးခြင်း
၆။ Money Transfer Services (Inbound and Outbound) လုပ်ငန်းဆောင်ရွက်ပေးခြင်း

# Products and Services

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဘဏ်ခွဲများမှတဆင့် ဈေးကွက်ထဲသို့ ချေးငွေဝန်ဆောင်မှုများစွာကို ပံ့ပိုးပေးနေပါသည်။ ဘဏ်အ နေဖြင့်ပေးအပ် နေသော ချေးငွေဝန်ဆောင်မှု များကို Business Lending နှင့် Consumer Lending ဟု အမျိုးအစားခွဲခြားနိုင်ပြီး Corporate / SME နှင့် Consumer ဟူ၍လည်း ကဏ္ဍ (၃) ခု ပိုင်းခြားသတ်မှတ်နိုင်ပါသည်။ ချေးငွေအမျိုးအစား တစ်ခုချင်းစီကို အောက်တွင်အတိုချုံး ဖော်ပြထားပါသည်။




## Business Lending

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် အောက်ဖော်ပြပါ ချေးငွေများ အပါအဝင် စီးပွားရေးလုပ်ငန်းများ၏ ရွေးချယ်ထားသော ကဏ္ဍအားလုံး အတွက် ချေးငွေအမျိုးအစားအားလုံးကို ပံ့ပိုးပေးအပ်နေပါသည်။

## Overdraft

ဘဏ်အနေဖြင့် စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းလည်ပတ်သုံးစွဲငွေ (Working Capital) လိုအပ်ချက် များကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်နေသော ငွေချေးယူလိုသည့် သုံးစွဲသူများကို စာရင်းပိုထုတ် ချေးငွေ (Overdraft Loan) အား ထုတ်ချေးပေးပါသည်။ ဘဏ်သည် Overdraft Loan အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ ဘဏ်ချေးငွေစုစု ပေါင်း၏ ၂၀% အတွင်း ထုတ်ချေးပေးရန် ရည်မှန်းထားပါသည်။ Overdraft Loan ကိုရယူထားသော သုံးစွဲသူများသည် ချေးငွေသက်တမ်းတိုးရန်အတွက် (၁၄) ရက်ကြိုတင်၍ Overdraft Loan ကို အပြေအကြေ ပြန်လည်ပေးဆပ် ထားရန် လိုအပ်ပါသည်။

## Fixed Term Loan

စီးပွားရေးလုပ်ငန်းရှင်များသည် လုပ်ငန်းတွင် ပုံသေပိုင်ပစ္စည်းများ (Fixed Assets) ကို ထပ်မံတိုးချဲ့ရန် လိုအပ်လာပါက ဘဏ်သည် စက်ရုံနှင့် စက်ပစ္စည်းများ၊ လုပ်ငန်းအတွက် မြေနှင့် အဆောက်အဦများ ထပ်မံလိုအပ်ခြင်း၊ လက်ရှိပုံသေပိုင်ပစ္စည်းများတွင် ငွေကြေးအရင်းအနှီးထပ်မံထည့်သွင်းခြင်း စသည်တို့ ကဲ့သို့သော ငွေလုံးငွေရင်း အသုံးစရိတ်များအတွက် Fixed Term Loan ကို ထုတ်ချေးပေးပါသည်။ Fixed Terms Loan များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ ချေးငွေသက်တမ်း (၃) နှစ်အထိ ထုတ်ချေးပေးပါသည်။

## Working Capital Term Loan

စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းလည်ပတ်သုံးစွဲငွေ (Working Capital) လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် ဘဏ်သည် Working Capital Term Loan ကို ချေးငွေသက်တမ်းတစ်နှစ်ဖြင့် ထုတ်ချေးပါသည်။ Working Capital Term Loan အား နှစ်စဉ် တလုံးတခဲတည်းအနေဖြင့်ဖြစ်စေ၊ ထပ်ခါတလဲလဲအနေဖြင့်ဖြစ်စေ ပြန်လည်ပေးဆပ်ရပါသည်။

# Products and Services




### Contractors' Loan

ဘဏ်အနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ခွင့်ပြုထားသော စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကန်ထရိုက်တာများအား ၎င်းတို့၏ ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် Contractors' Loan ကို ထုတ်ချေးပေးပါသည်။ စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း စီမံကိန်းများ တစိတ်တဒေသတည်ဆောက်ပြီးစီးမှု သို့မဟုတ် အလုံးစုံတည်ဆောက်ပြီးစီးမှုပေါ်မူတည်၍ ငွေရင်းကို ပြန်လည်ပေးဆပ်နိုင်ပါသည်။

### Loan against Fixed Deposits

ဘဏ်သည် Fixed Deposit များ၏ သက်တမ်းမစေ့ရောက်မီ ငွေကြေးလိုအပ်သော ငွေအပ်နှံသူများအား ၎င်းတို့ကိုယ်တိုင် အပ်နှံထားသော Fixed Deposit တန်ဖိုးငွေ၏ ၈၀% အထိ ထုတ်ချေးပေးပါသည်။ ငွေအပ်နှံသူများသည် အပ်နှံထားသော Fixed Deposit များမှ ငွေကြေးအား လွယ်လင့်တကူ ထုတ်ယူ မရရှိနိုင်ဘဲ ငွေကြေးလိုအပ်လာချိန်တွင်ပင် Fixed Deposit များကို ဆက်လက်အပ်နှံထားရှိရန်အတွက် ချေးငွေကို ထုတ်ချေးပေးပါသည်။

### Loan against Government Bonds/Bills

ဘဏ်သည် ငွေကြေးလိုအပ်နေသော အစိုးရအာမခံငွေချေးစာချုပ်များကို ကိုင်ဆောင်ထားသူများအား စာချုပ်သက်တမ်းမစေ့ရောက်မီ စာချုပ်များ၏ တန်ဖိုး ၈၀% အထိ ထုတ်ချေးပေးပါသည်။ ငွေအပ်နှံသူ များသည် Fixed Deposit များမှ ငွေဖြစ်လွယ်မှုမရှိဘဲ ငွေကြေးလိုအပ်လာချိန်တွင်ပင် အစိုးရ၏ ငွေတိုက်စာချုပ်များ၏ သက်တမ်းအတိုင်းထားရှိနိုင်ရန်အတွက် ထုတ်ချေးပေးခြင်းဖြစ်ပါသည်။

### Import Financing

ဘဏ်အနေဖြင့် Credit Letters of Credit (L/C) ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ချေးငွေသက်တမ်း (၄) လ သို့မဟုတ် သွင်းကုန်အတွက် ငွေကြေးလိုအပ်ချိန်အထိ (၄ လအောက် လျော့နည်းနိုင် ပါသည်။) ထုတ်ချေးပေးပါသည်။ ချေးငွေကို သွင်းကုန်ရောင်းရငွေမှ ပြန်လည်ပေးဆပ်မည်ဖြစ်ပြီး အဆိုပါချေးငွေအား Self-Liquidating Loan များဟုလည်း ခေါ်ဆိုနိုင်ပါသည်။

### Export Financing

ကိစ္စရပ်ပေါ်မူတည်၍ ဘဏ်သည် သင်္ဘောမတင်မီ သို့မဟုတ် သင်္ဘောတင်ပြီးနောက် ချေးငွေထုတ်ချေးသည့်ပုံစံဖြင့် ပို့ကုန်ဘေလ်များ၏ ၈၀% အထိ ချေးငွေထုတ်ချေးပေးပါသည်။ ချေးငွေအား နိုင်ငံရပ်ခြားသွင်းကုန်တင်သွင်းသူများထံမှ ရရှိသော ပို့ကုန်ရငွေများဖြင့် ပြန်လည် ပေးဆပ်မည်ဖြစ်ပါသည်။ ပုံမှန်အားဖြင့် ပို့ကုန်တင်ပို့ရန် ငွေထုတ်ချေးခြင်းကို သွင်းကုန်ရငွေကို လက်ခံရရှိသည်အထိ ထုတ်ချေးနိုင်ပြီး အချိန်ကာလအားဖြင့် (၃) လထက် မပိုရပါ။

### JICA Two Step Loan

ဘဏ်သည် ငွေချေးယူသူများအား ၎င်းတို့ထပ်မံဝယ်ယူမည့် ပုံသေပိုင်ပစ္စည်းများအတွက် ငွေကြေး လိုအပ်ချက်၏ ၈၀% အထိ JICA Two Step Loan ကို ထုတ်ချေးပေးပြီး လုပ်ငန်းလှည့်လည်သုံးစွဲငွေ (Working Capital) လိုအပ်ချက်များအတွက်မှ ၂၀% ထုတ်ချေးပေးနိုင်ပါသည်။ ချေးငွေသက်တမ်းမှာ စုစုပေါင်း (၅) နှစ်ဖြစ်၍ အတိုးနှုန်းမှာမြင့်မားသော်လည်း Limit Set Up Fee ကိုမူ ကောက်ခံခြင်းမရှိပါ။

### Consumer Loans

လက်ရှိဝင်ငွေရရှိမှုပေါ်မူတည်၍ ငွေချေးယူသူများက ပိုင်ဆိုင်ပစ္စည်းများ၊ အသုံးစရိတ်များ ဝယ်ယူရန် ငွေချေးယူခြင်း သို့မဟုတ် ငွေချေးယူသူ၏ အကျိုးအမြတ်အတွက်မဟုတ်ဘဲ ငွေချေးယူခြင်းတို့အတွက် အဆိုပါချေးငွေများကို Consumer Loan များအောက်တွင် အမျိုးအစားခွဲခြားထားပါသည်။ ဘဏ်သည် အောက်ဖော်ပြပါ Consumer Loan များကို ပံ့ပိုးပေးအပ်ပါသည်။



# Products and Services




## Home Loan

ပုံမှန်ဝင်ငွေရရှိနေသော သုံးစွဲသူများသည် နေထိုင်ရန်ရည်ရွယ်ချက်ဖြင့် မြေဝယ်ယူရန် သို့မဟုတ် မြေနှင့်အဆောက်အဦကို ဝယ်ယူရန် သို့မဟုတ် အသင့်ဆောက်လုပ်ထားသော သီးခြားဘန်ဂလို သို့မဟုတ် နေအိမ် သို့မဟုတ် တိုက်ခန်းကို ဝယ်ယူရန်စသည့် ၎င်းတို့၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါသည်။ ငွေချေးယူသူသည် ချေးငွေသက်တမ်း (၁၅) နှစ်ဖြင့် EMI ကိုအခြေခံတွက်ချက်ပြီး ချေးငွေကို လွယ်ကူအဆင်ပြေစွာ ပေးဆပ်နိုင်ပါသည်။

## Mortgage Loan

Mortgage Loan ဆိုသည်မှာ Home Loan ၏အမျိုးအစားခွဲတစ်ခုပင် ဖြစ်ပါသည်။ ဝင်ငွေပုံမှန်ရရှိနေပြီး အိမ်ခြံမြေပိုင်ဆိုင်မှုရှိသော သုံးစွဲသူများ သည် အဆိုပါပိုင်ဆိုင်ပစ္စည်းအား အပေါင်ထား၍ Mortgage Loan ကို ချေးယူနိုင်ပြီး နေအိမ်အား ပြန်လည်ပြင်ဆင်ရန်၊ မိသားစုဝင်များ၏ သာရေးနာရေးကိစ္စရပ်များတွင် အသုံးပြုရန်၊ ဆေးကုသရန်၊ အသေးစားကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရန်၊ ပုဂ္ဂလိက။ အဖွဲ့အစည်းများမှ ငွေချေးယူခြင်းကို ပြန်လည်ပေးဆပ်ရန် အစရှိသည်တို့ကဲ့သို့ ရည်ရွယ်ချက်အမျိုးမျိုးအတွက် ၎င်းတို့၏ ငွေရေးကြေးရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ပါသည်။ ပိုင်ဆိုင်ပစ္စည်းများ တိုးပွားလာစေရန်အတွက် Home Loan ချေးယူထားသော်လည်း လက်ရှိပိုင်ဆိုင်ပစ္စည်းများကို အပေါင်ထား၍လည်း Mortgage Loan ကိုလည်း ချေးယူနိုင်ပါသည်။ ငွေချေးယူသူများသည် ချေးငွေသက်တမ်း (၁၅) နှစ်အထိ EMI ကိုအခြေခံ၍ ချေးငွေကို လွယ်ကူအဆင်ပြေစွာ ပေးဆပ်နိုင်ပါသည်။

## Hire Purchase

ဘဏ်အနေဖြင့် ကိုယ်ပိုင်ကား၊ လုပ်ငန်းသုံး အငှားယာဉ်များ၊ လုပ်ငန်းသုံး ဘတ်စ်ကား သို့မဟုတ် ထရပ်ကားများ၊ စိုက်ပျိုးရေးသုံး စက်ကိရိယာများ၊ လုပ်ငန်းသုံး စက်ကိရိယာများစသည့် အမျိုးအစားများ အလိုက် လိုအပ်သူများအတွက် အရစ်ကျချေးငွေကို ထုတ်ချေးပေးပါသည်။ ဘဏ်သည် ချေးငွေသက်တမ်း (၇) နှစ်အထိ မတူညီသည့် စက်ပစ္စည်းအမျိုးအစားအလိုက် အရစ်ကျချေးငွေများကို ထုတ်ချေးပေးပါ သည်။ ထို့အပြင် ဘဏ်သည် အသုံးပြုထားပြီးသော ကား။စက်ပစ္စည်းများ ဝယ်ယူရန်အတွက်လည်း အရစ်ကျစနစ်ဖြင့် ချေးငွေအား ထုတ်ချေးပေးပါသည်။ Owner Book များကို ချေးငွေအား အပြေအကြေပြန်လည်ပေးဆပ်ပြီးချိန်တွင် ငွေချေးယူသူများအား လွှဲပြောင်းပေးအပ်ပါသည်။

## Education Loan

Education Loan အား နာမည်ကျော်ကြားထင်ရှားသည့် နိုင်ငံခြားတက္ကသိုလ်များတွင် Graduate Program များအောက်ရှိ မဟာဘွဲ့များ၊ မြန်မာနိုင်ငံ၌သော်လည်းကောင်း၊ နိုင်ငံရပ်ခြား၌သော် လည်းကောင်း ဆေးပညာဘာသာရပ်နှင့် အင်ဂျင်နီယာဘာသာရပ်ဖြင့် Bachelor ဘွဲ့များကို ရယူ၍ ပညာရေးရည်မှန်းချက်များကို ဖြည့်ဆည်းလိုသည့် ကျောင်းသားကျောင်းသူ များကို ပံ့ပိုးပေးအပ်ပါသည်။ Education Loan ၏ အမြင့်ဆုံးချေးငွေသက်တမ်းမှာ (၅) နှစ်ဖြစ်ပြီး ငွေရင်းပြန်လည်ပေးဆပ်ရန် အများဆုံးဆိုင်းငံ့ကာလမှာ (၆) လဖြစ်ပါသည်။

## Personal Overdraft

Mortgage Loan ကဲ့သို့သော အလားတူရည်ရွယ်ချက်များအတွက် သုံးစွဲသူသည် ချေးငွေကို ထပ်ခါတလဲလဲ ချေးယူအသုံးပြုလိုပြီး ငွေချေးယူသူက ချေးငွေအား ပြန်လည်ပေးဆပ်နိုင်စွမ်းရှိပါက Personal Overdraft Loan ကို ထုတ်ချေးပေးနိုင်ပါသည်။ Personal Overdraft Loan ကို ရယူထားသော ငွေချေးယူသူများသည် ချေးငွေသက်တမ်းမတိုးမီ (၁၄) ရက်အတွင်း Personal Overdraft Loan ကို အပြေအကြေ ပြန်လည်ပေးဆပ်ရန် လိုအပ်ပါသည်။

## Bank Guarantees

စီးပွားရေးလုပ်ငန်းရှင်၏ လိုအပ်ချက်နှင့်အညီ ဘဏ်သည် Contract - Bid Bond စာချုပ်ချုပ်ဆို၍လေလံဆွဲရန်၊ Contractor – Performance Bond ဖြင့် အလုပ်ရှင်နှင့် သဘောတူစာချုပ်ချုပ်ဆိုရန်၊ အလုပ်ရှင်များထံမှ ကြိုတင်ငွေ။ တောင်းခံငွေများကို ရယူရန် စသည်တို့အတွက် Bank Guarantee များအား ပံ့ပိုးပြီး Advance Payment Guarantee အား ထုတ်ပေးပါသည်။

# Activities

## Learning and Development ဆိုင်ရာ ဆောင်ရွက်ချက်များ

MCB ဘဏ်သည် အသုံးပြုသူ customers များအတွက် အကောင်းမွန်ဆုံးသော ဘဏ်လုပ်ငန်းဆိုင်ရာထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် အစဉ်တစိုက် ကြိုးစားအားထုတ်လျက်ရှိသကဲ့သို့ ၄င်း၏ ဝန်ထမ်းများအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုပတ်ဝန်းကျင်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ လူမှုအကျိုးပြုမှုအစီအစဉ်များနှင့် အခြားသော လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်ထောက်ပံ့ပေးအပ်ရန်လည်း အစဉ်ကြိုးစားအားထုတ်လျက်ရှိပါသည်။

MCB ဘဏ်သည် ၂၀၂၂ ခုနှစ်အတွင်း ၄င်းဝန်ထမ်းများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအရည်အချင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးခဲ့သည့်အပြင် ၄င်း၏ဝန်ထမ်းများအတွက် Team Building Trip ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဘဏ်ခွဲအသစ်များဖွင့်လှစ်ခြင်း၊ အထူးခံစားခွင့်များ ရရှိနိုင်မည့် MCB ဝန်ထမ်းချေးငွေများ ချထားပေးခြင်း၊ ရာသီအလိုက် အထူးပရိုမိုးရှင်းအစီအစဉ်များနှင့် ပျော်ရွှင်ဖွယ်ရာ ပွဲတော်အစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။




Strategy & Budget Dissemination Meeting












# Activities










## Customer Service Workshop








## Roadshows

# Activities

## CSR ဆိုင်ရာ ဆောင်ရွက်ချက်များ

ထို့အပြင် MCB ဘဏ်သည် ၄င်း၏ နှစ် ၃၀ ပြည့်အထိမ်းအမှတ်အဖြစ် Corporate Social Responsibility - CSR လူမှုပတ်ဝန်းကျင် အကျိုးပြုမှု အစီအစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ MCB ဘဏ်မှ သိန်းပေါင်း ၁၆၀၀ ကျော်တန်ဖိုးရှိ ထီးများကို မြန်မာနိုင်ငံတစ်ဝှမ်းရှိ MCB ဘဏ်ခွဲများတည်ရှိသောမြို့နယ်များရှိ အရပ်ဈေးသည်များနှင့် ဈေးများတွင် ထီးများ အခမဲ့ လှူဒါန်းခြင်းခဲ့ပါသည်။ ထို့အပြင် MCB ဘဏ်မှ ဝန်ထမ်းများစုပေါင်းပြီး ရန်ကုန်တိုင်းရှိ အမျိုးသားသွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခြင်း၊ ဘာသာရေးပွဲတော်များတွင်လည်း ပါဝင်ဆင်နွှဲပြီး လှူဖွယ်ရာပစ္စည်း အစုစုတို့ကို ပေးအပ်လှူဒါန်းခြင်း စသည့် လူမှုအကျိုးပြုမှုလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။




Corporate Social Responsibility - CSR











# Activities










## 30th Anniversary Celebration










## Branding

## လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှု ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသော ဘဏ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ဘဏ်ခွဲများတိုးချဲ့ ဖွင့်လှစ်ခြင်း၊ နည်းပညာပိုင်း မြှင့်တင်ခြင်းဖြင့် ဘဏ်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင် ကြိုးစား ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လာသည်နှင့်အမျှ တာဝန်ထမ်းဆောင်နေသော ဘဏ်ဝန်ထမ်းများအား အရည်အချင်းပြည့်ဝပြီး ပိုမိုကောင်းမွန်သော ဘဏ်ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် လိုအပ်သော သင်တန်းများ အစဉ်တစိုက် ပေးအပ်လျက်ရှိပါသည်။

ဝင်းအပြင် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ဘဏ်အတွက် အရည်အချင်းပြည့်ဝသည့် အနာဂတ်ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးနိုင်ရန်အတွက် ရည်ရွယ်၍ Management Trainee Program ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ Management Trainee Program ကို ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် စတင်ခဲ့ပြီး ဘဏ်လုပ်ငန်း ဆိုင်ရာသင်တန်းများ၊ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းများပို့ချပေးခဲ့ပြီး လက်တွေ့လုပ်ငန်း ခွင်တွင် အတွေ့အကြုံရယူစေခြင်းဖြင့် အရည်အချင်းပြည့်ဝသည့် မြန်မာနိုင်ငံသားများဘဏ်၏ အနာဂတ် ခေါင်းဆောင်ကောင်းများအား လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဌာနမှ မွေးထုတ်ပေးလျက်ရှိပါသည်။ ဤ Management Trainee Program သည် မြန်မာနိုင်ငံသားများဘဏ်၏ အနာဂတ်ဦးဆောင်မှု အခန်းကဏ္ဍတွင် အရည်အချင်းပြည့်ဝသည့် ပညာတတ်လူငယ်လူရွယ်များဖြင့် သွေးသစ်လောင်းရန် ရည်ရွယ်၍ မဟာဗျူဟာချပြီး ဆောင်ရွက်လျက်ရှိသော Program တစ်ခုဖြစ်ပါသည်။



## ဘဏ်စာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းများစစ်ဆေးခြင်း။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ်၏ စာရင်းနှင့် လုပ်ငန်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြီးကြပ်လျက်ရှိပြီး၊ ပြင်ပစာရင်းစစ် V-Advisory Limited ကလည်း (၂၀၂၁-၂၀၂၂) မိနီဘတ်ဂျက်၏ စာရင်းများကို စစ်ဆေးပြီးဖြစ်ပါသည်။ (၂၀၂၁-၂၀၂၂) မိနီဘတ်ဂျက် အတွက် ပြင်ပ စာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းရှင်းတမ်းအား ပူးတွဲတင်ပြထားပါသည်။



ထို့အပြင် မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ(၈၅-င)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အစုရှယ်ယာ ရှင်များမှ ခန့်အပ်သည့် အဖွဲ့ဝင်(၇)ဦးပါဝင်သော စာရင်းစစ်ကော်မတီဘုတ်အဖွဲ့သည် (၂၀၂၁-၂၀၂၂) မိနီဘတ်ဂျက် အတွင်း လုပ်ငန်း စီစစ်ကြီးကြပ်မှု အစည်းအဝေး(၃)ကြိမ်ပြုလုပ်ခဲ့ပြီး၊ စာရင်းစစ်ကော်မတီဘုတ်အဖွဲ့ ဥက္ကဋ္ဌ၏ ဦးဆောင် မှုဖြင့် ဌာနတွင်း လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို (၄) ကြိမ် ပြုလုပ်ခဲ့ပါသည်။ ဘဏ်၏ အပ်ငွေအခြေအနေ၊ စာရင်းဌာန လုပ်ငန်းများ၊ ချေးငွေလုပ်ငန်းများ၊ ငွေကြေးဌာနလုပ်ငန်းများ၊ ဘဏ်တွင်းစာရင်းလုပ်ငန်းများ၊ စီမံခန့်ခွဲရေးလုပ်ငန်း များကို လုပ်ထုံးလုပ်နည်းများ၊ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ လည်း ကောင်း၊ SOP, Circular များနှင့်လည်းကောင်း ကိုက်ညီမှုရှိ/ မရှိတို့ကို စစ်ဆေးခဲ့ပါသည်။

စာရင်းသစ်ဖွင့်လှစ်ရာတွင် KYC, CDD လိုအပ်ချက်တို့နှင့်အညီ ပြည့်စုံစွာဆောင်ရွက်ထားမှု၊ AML, CFT လုပ်ငန်းများနှင့် ပတ်သက်၍မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်များနှင့် Compliance Department၏ညွှန်ကြားချက်များ နှင့် အညီ လိုက်နာဆောင်ရွက်ထားမှု၊ ချေးငွေလုပ်ငန်းများနှင့်ပတ်သက်၍ ချေးငွေအတွက် အာမခံပေးအပ်ထားသည့် စာချုပ်စာတမ်းများနှင့် ချေးငွေအတွက် ချုပ်ဆိုရသည့် ချေးငွေဆိုင်ရာ စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ HP ချေးငွေအတွက် ချုပ်ဆိုရသည့် ချေးငွေဆိုင်ရာစာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ မော်တော်ကား Owner Book များ၊ အာမခံစာအုပ်များနှင့် အလုံးစုံအာမခံထားရှိမှုများ၏ သက်တမ်းရှိမှုတို့ကို စစ်ဆေးခြင်းနှင့် ပေးဆပ်ရန် ပျက်ကွက်သည့် ချေးငွေစာရင်းများအပေါ် ပျက်ကွက်သည့်အဆင့်အလိုက် အရေးယူဆောင်ရွက်ထားမှုတို့ကို စစ်ဆေးခဲ့ပါသည်။ ငွေကြေးဌာနလုပ်ငန်းများနှင့် ပတ်သက်၍ OP, Circular များနှင့်ကိုက်ညီမှု၊ ငွေကြေးမှတ်တမ်းများနှင့် ဘဏ်ခွဲ၏ ငွေကြေးလက်ကျန်ကိုက်ညီမှု၊ ဘဏ်ခွဲမှ လက်ခံရရှိထားသော ငွေကြေးများအား ဒုတိယအကြိမ် ရေတွက် စစ်ဆေးထားမှုတို့ကို စစ်ဆေးခဲ့သည့်အပြင် Flying Squad Cash Count တို့ကိုလည်း စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ ဘဏ်တွင်းစာရင်းလုပ်ငန်းများနှင့် စီမံဌာနလုပ်ငန်းများကိုလည်း စစ်ဆေး၍ အကြံပြုချက်များပေးပြီး ပံ့ပိုးဆောင်ရွက်ခဲ့ ပါသည်။

## ဘဏ်စာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းများစစ်ဆေးခြင်း။

ဘဏ်တွင်းစာရင်းစစ်ဌာန (Internal Audit Department) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ စာရင်းစစ်ကော်မတီဘုတ်အဖွဲ့၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ဘဏ်ခွဲ၏နေ့စဉ်စာရင်းပိတ်လုပ်ငန်းများ၊ လချုပ်စာရင်းများ၊ ချေးငွေလုပ်ငန်းများ၊ စီမံရေးရာလုပ်ငန်းများနှင့် ငွေကြေးဌာန၏ လုပ်ငန်းများကိုလည်း စာရင်းစစ်ကော်မတီ ဘုတ်အဖွဲ့၏ လမ်းညွှန်မှု၊ ညွှန်ကြားမှုများကို ခံယူ၍ တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

(၂၀၂၁-၂၀၂၂) မီနီဘတ်ဂျက်အတွင်း ဘဏ်ခွဲ(၂၅)ခု၏ စာရင်းဌာန၊ ငွေကြေးဌာန၊ စီမံဌာနနှင့် ချေးငွေဌာနတို့အား စစ်ဆေးခဲ့ပါသည်။ အဆိုပါဘဏ်ခွဲများအား စစ်ဆေးခဲ့သည့် တွေ့ရှိချက်များ၊ ချို့ယွင်းချက်များအပေါ် ပြုပြင်ဆောင် ရွက်မှုအခြေအနေကို သက်ဆိုင်ရာလုပ်ငန်း၏ ဌာနကြီးမှူးများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြင်ဆင်၍ Internal Audit Department မှ Follow up ပြုလုပ်ခဲ့ပါသည်။ နယ်ဘဏ်ခွဲ (၁၇) ခုအား Off-site Audit Procedure အသုံးပြု၍ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

Audit Universe တွင်ပါဝင်သည့် (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်အတွက် Audit Plan အား စနစ်တကျ ရေးဆွဲထားပြီး၊ စာရင်းစစ်ကော်မတီဘုတ်အဖွဲ့၏အတည်ပြုချက်ရယူ၍ ဘဏ်ခွဲများနှင့် ရုံးချုပ်ဌာနများကိုလည်း လုပ်ထုံးလုပ်နည်းများ ချမှတ်ထားသော စည်းမျဉ်းများ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်မှုများကို စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)
၂၀၂၂ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ ကုန်ဆုံးသော နှစ်အတွက်

ဒါရိုက်တာများ၏တင်ပြချက်

ကျွန်ုပ်တို့ဒါရိုက်တာများ၏ ရေးသားတင်ပြချက်များအား ဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ အစုဝင်များသို့တင်ပြပါသည်။

ဒါရိုက်တာများ၏ ထင်မြင်ယူဆချက်

ဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၂၂ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိဘဏ်၏ ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်း၊ ၄င်းနေ့ကုန်ဆုံးသောနှစ်နှင့်ဆိုင်သော ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း၊ အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း နှင့် ငွေသားစီးဆင်းမှုရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲထားပါသည်။ ဘဏ်သည် ပေးရန်ရှိသောအကြွေးများကိုအချိန်စေ့ရောက်သောအခါပေးနိုင်သည်ဟုယုံကြည်နိုင်လောက်သော အခြေအနေရှိပါသည်။

ဒါရိုက်တာများ

ဘဏ်၏နာယကမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖြစ်ပြီး ယခုတင်ပြချိန်၌ရှိသော ဘဏ်၏ဒါရိုက်တာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| အမှတ်စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးတိုးအောင်မြင့် | ဥက္ကဋ္ဌ |
| ၂။ | ဦးမင်းမင်း | ဒါရိုက်တာ |
| ၃။ | ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး | ဒါရိုက်တာ |
| ၄။ | ဦးလှဦး | ဒါရိုက်တာ |
| ၅။ | ဦးထွန်းလွင် | ဒါရိုက်တာ |
| ၆။ | ဦးအုန်းဆိုင် | ဒါရိုက်တာ |
| ၇။ | ဦးဇေယျာသူရမွန် | ဒါရိုက်တာ |
| ၈။ | ဦးအောင်အောင် | ဒါရိုက်တာ |
| ၉။ | ဒေါ်ခင်မာမြင့် | ဒါရိုက်တာ |
| ၁၀။ | ဦးအောင်စိုး | လွတ်လပ်သောဒါရိုက်တာ |

## ဒါရိုက်တာများမှ အစုရှယ်ယာများနှင့် ငွေချေးစာချုပ်များအား ဝယ်ယူနိုင်သည့် အစီအစဉ်

ဘဏ္ဍာရေးကာလအတွင်းတွင်ဖြစ်စေ ကာလကုန်သည့်အချိန်တွင်ဖြစ်စေ ဘဏ်၏ဒါရိုက်တာများမှ (သို့) ဘဏ်၏မိတ်ဖက်အဖွဲ့အစည်းများ၏ အစုရှယ်ယာများ၊ ငွေချေးစာချုပ်များအား ဝယ်ယူခြင်းဖြင့် အကျိုးဖြစ်ထွန်းစေရန်စီစဉ် ဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိပါ။


## ရွေးပိုင်ခွင့်ရှိသောအစုရှယ်ယာများ

ဘဏ်၏မထုတ်ဝေရသေးသော ရှယ်ယာများအား ဘဏ္ဍာရေးနှစ်အတွင်း Subscribe ပြုလုပ်ရန်အတွက် ရွေးပိုင်ခွင့်ပြုထားခြင်း မရှိပါ။

ဘဏ်၏မထုတ်ဝေရသေးသော ရှယ်ယာများကို Option နည်းလမ်းများဖြင့်ဝယ်ယူရန်အတွက် ဘဏ္ဍာရေးနှစ်အတွင်း မည်သည့်ရှယ်ယာမှ ထုတ်ဝေထားခြင်းမရှိပါ။

ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန် ဘဏ်မှ Option အနေဖြင့် မထုတ်ဝေရသေးသော အစုရှယ်ယာ မရှိပါ။

ဒါရိုက်တာများကိုယ်စား



ဦးတိုးအောင်မြင့်

(ဥက္ကဋ္ဌ)

ရက်စွဲ။ ။ ၂၀၂၂ခုနှစ်၊ ဇွန်လ (၁၅) ရက်

V ADVISORY
CREATING BETTER BUSINESS
Complex 45, Tower B, #B 406, 45 Street, Botahtaung, Yangon 11161, Myanmar.
(+95) 9 795 155 155, 9 777 013 575 info@v-advisory.com.mm www.v-advisory.com.mm

**ပြင်ပစာရင်းစစ်အစီရင်ခံစာ**

**မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)**

**အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့**

**ဘဏ္ဍာရေးရှင်းတမ်းများအပေါ်စာရင်းစစ်ဆေးခြင်းအစီရင်ခံစာ**

### ထင်မြင်ယူဆချက်

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ၂၀၂၂ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း နှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း၊ အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့် အခြား ရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သည့် ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီမြန်မာနိုင်ငံသားများဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ၂၀၂၂ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ထိုနေ့ ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့်စပ်လျဉ်းသည့် ဖော်ပြချက်များ အားလုံးသည် သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း ကျွန်တော်တို့ ထင်မြင်ယူဆပါသည်။

### စာရင်းစစ်ထင်မြင်ယူဆချက်ပေါ်အခြေခံမှု

ကျွန်တော်တို့၏စာရင်းစစ်ဆေးခြင်းကို မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများအရ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ စာရင်းစစ်အစီရင်ခံစာတွင်ပါဝင်သော စာရင်းစစ်၏တာဝန်ဆိုသောအပိုဒ်တွင်လည်း ကျွန်တော်တို့၏ တာဝန် ဝတ္တရားများကိုစံများနှင့်အညီ ထပ်မံထည့်သွင်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ စာရင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအရ ကျွန်တော်တို့သည် ဘဏ်များနှင့်မှီခိုမှုကင်းလွတ်ပြီး အခြားသော ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများကိုလည်း ပြည့်မီအောင် ဆောင်ရွက်ထားရှိပါသည်။ ကျွန်တော်တို့ ရရှိထားသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ အထောက်အထားများသည် ကျွန်တော်တို့အနေဖြင့် ထင်မြင်ယူဆချက်ပေးရန် အခြေခံကျ၍ သင့်လျော်မှုရှိပြီး ပြည့်စုံလုံလောက်သည်ဟု ယုံကြည်ပါသည်။

### အရေးပါသောစာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်

အရေးပါသော စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များဆိုသည်မှာ ကျွန်တော်များလက်ရှိစစ်ဆေးနေသော ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများအပေါ်တွင် အရေးပါသောအချက်များဟု မိမိတို့၏အတတ်ပညာ ကျွမ်းကျင်မှုအရ ဆုံးဖြတ်ထားသည့် အချက်အလက်များပင် ဖြစ်ပါသည်။ ထိုကိစ္စရပ်များသည် ကျွန်တော်တို့၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများအား စစ်ဆေးမှုတစ်ခုလုံးကိုဆိုလိုပြီး ယင်းပေါ်တွင်အခြေခံ၍ ကျွန်တော်တို့၏ ထင်မြင်ယူဆချက် များဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ သီးခြားထင်မြင်ယူဆချက်များ ပေးသွားမည် မဟုတ်ပါ။

V ADVISORY
CREATING BETTER BUSINESS
Complex 45, Tower B, #B 406, 45 Street, Botahtaung, Yangon 11161, Myanmar.
(+95) 9 795 155 155, 9 777 013 575 info@v-advisory.com.mm www.v-advisory.com.mm

## အခြားသတင်းအချက်အလက်များ

အခြားသတင်းအချက်အလက် ဖော်ပြထားခြင်းများသည် စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ အဆိုပါ အခြားသတင်းအချက်အလက်များတွင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာအပါအဝင်ဖြစ်သော်လည်း ဘဏ္ဍာရေး ရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာများ မပါဝင်ပါ။ ကျွန်တော်တို့၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့်စပ်လျဉ်းသော ထင်မြင်ယူဆချက်သည် အခြားသတင်းအချက် အလက်များနှင့် မသက်ဆိုင်ပါ။ ယင်းပေါ်တွင် အခြေခံသည့် မည်သည့်အာမခံချက်ဆိုင်ရာ ကောက်နုတ်ချက်များ ကိုမျှ ဖော်ပြမည်မဟုတ်ပါ။

## စီမံအုပ်ချုပ်သူများနှင့် ဘဏ္ဍာရေးရှင်းတမ်းများအတွက် အုပ်ချုပ်မှုတာဝန်ရှိသူများ၏တာဝန်

စီမံခန့်ခွဲသူများမှလိုအပ်သည်ဟု သတ်မှတ်သည့် ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများနှင့်အညီရေးဆွဲရန်၊ သင့်လျော်မှန်ကန်စွာ ဖော်ပြရန်နှင့် မသမာမှု သို့မဟုတ် မှားယွင်းမှုတို့ကြောင့် အရေးပါသော မှားယွင်းဖော်ပြမှုကင်းသည့် သင့်လျော် မှန်ကန်သော ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲဖော်ပြနိုင်ရန်အတွက် လုပ်ငန်းတွင်းထိန်းချုပ်မှုထားရှိရန်တို့မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။

စီမံအုပ်ချုပ်သူများသည် ဘဏ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရန် ရည်ရွယ်ခြင်း သို့မဟုတ် လုပ်ငန်းများရပ်ဆိုင်း ခြင်း သို့မဟုတ် လက်တွေ့ကျသော အခြားနည်းလမ်းမရှိခြင်းတို့မှအပ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲပြုစုရာတွင် ဘဏ်၏ ရှေ့ဆက်လုပ်ကိုင်နိုင်မည့်စွမ်းရည်၊ အဆိုပါအခြေအနေနှင့် သက်ဆိုင်သည်များကိုဖော်ပြရန်၊ ရှေ့ဆက်လုပ်ကိုင်မည့် အခြေအနေပေါ်မူတည်၍ စာရင်းရေးသွင်းခြင်းတို့ကို အကဲဖြတ်ရန်အတွက် တာဝန်ရှိပါသည်။ အုပ်ချုပ်မှုတာဝန်ရှိသူများသည် ဘဏ်၏ဘဏ္ဍာရေးအစီရင်ခံခြင်းဖြစ်စဉ်ကို ကြီးကြပ်ရန် တာဝန်ရှိပါသည်။

## ဘဏ္ဍာရေးရှင်းတမ်းများစာရင်းစစ်ဆေးခြင်းအပေါ်စာရင်းစစ်၏တာဝန်

ကျွန်တော်တို့၏ ရည်ရွယ်ချက်မှာ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ခြုံငုံ၍ မသမာမှု သို့မဟုတ် မှားယွင်းမှု တို့ကြောင့် အရေးပါသော မှားယွင်းဖော်ပြမှုများမှ ကင်းရှင်းကြောင်းကျိုးကြောင်းဆီလျော်စွာ သေချာမှုရှိစေရန်နှင့် ကျွန်တော်တို့၏ ထင်မြင်ယူဆချက်ပါဝင်သည့် စာရင်းစစ်အစီရင်ခံစာကို တင်ပြရန်ဖြစ်ပါသည်။ ကျိုးကြောင်း ဆီလျော်စွာ သေချာမှုရှိသည်ဆိုရာတွင် မြင့်မားသည့် အာမခံချက်ဖြစ်သော်လည်း မြန်မာနိုင်ငံစာရင်း စစ်ဆေးခြင်း ဆိုင်ရာစံများနှင့်အညီ စာရင်းစစ်ဆေးထားခြင်းသည် အရေးပါသောမှားယွင်းဖော်ပြမှု တစ်ခုရှိနေခြင်းကို တွေ့ရှိနိုင် သည်ဟု အာမခံပေးခြင်းမျိုး မဟုတ်ပါ။ အရေးပါသော မှားယွင်းဖော်ပြမှုများသည် မသမာမှု သို့မဟုတ် မှားယွင်းမှု ကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ၎င်းတို့တစ်ခုချင်း သို့မဟုတ် စုပေါင်း၍ ဘဏ္ဍာရေးရှင်းတမ်းများကို အခြေခံသော စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရမည့် အသုံးပြုသူများကို ကျိုးကြောင်းဆီလျော်စွာ လွှမ်းမိုးမှုများရှိလာနိုင်သည်ဆိုပါက အဆိုပါ မသမာမှု သို့မဟုတ် မှားယွင်းမှုများကို အရေးပါသောမှားယွင်း ဖော်ပြမှုဟု ယူဆပါသည်။

စာရင်းစစ်ဆေးရာတွင် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုဖြင့် အကဲဖြတ်ချက် ကျင့်သုံးပြီး ပညာရပ်ဆိုင်ရာကျွမ်းကျင်သူ၏ သတိသမ္ပဇဉ် (Professional judgement and professional skepticism) ဖြင့် ထိန်းသိမ်းဆောင်ရွက်ပါသည်။

V ADVISORY
CREATING BETTER BUSINESS
Complex 45, Tower B, #B 406, 45 Street, Botahtaung, Yangon 11161, Myanmar.
(+95) 9 795 155 155, 9 777 013 575 info@v-advisory.com.mm www.v-advisory.com.mm

ကျွန်တော်တို့သည် အုပ်ချုပ်မှုတာဝန်ရှိသူများနှင့် စာရင်းစစ်ဆေးရန် စီစဉ်ထားသောအတိုင်းအတာ၊ စစ်ဆေး မည့်အချိန်နှင့် စစ်ဆေးချိန်အတွင်း တွေ့ရှိရသည့် လုပ်ငန်းတွင်းကြီးကြပ်မှုတွင် အရေးကြီးသည့် အားနည်းမှုများ အပါအဝင် အရေးကြီးသည့် တွေ့ရှိချက်များ စသည့်ကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ပါသည်။

ကျွန်တော်တို့သည် အမှီအခိုကင်းမဲ့မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ကြောင်း၊ အမှီအခိုကင်းမဲ့မှုကို ထိခိုက်နိုင်သည်ဟု ကျိုးကြောင်းဆီလျော်စွာ ထင်မြင်ရသည့် သက်ဆိုင်သော ဆက်နွယ်မှုများအားလုံးနှင့် အခြားကိစ္စရပ်များ (သက်ဆိုင်မှုရှိပါက မည်သို့ဆောင်ရွက်ထား ကြောင်း)ကို အုပ်ချုပ်မှုတာဝန်ရှိသူများသို့ ဆက်သွယ်တင်ပြပါသည်။

## အခြားသောဥပဒေဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်းလိုအပ်ချက်ပေါ်တွင်အစီရင်ခံခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၈၀ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျွန်တော်တို့သည်-

(က) လိုအပ်သောသတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကိုရရှိပြီးဖြစ်ကြောင်း၊

(ခ) ၎င်းတို့၏ ထင်မြင်ချက်တွင် အစီရင်ခံစာ၌ ဖော်ပြပါရှိသော ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ပြုစုထားရှိပြီးဖြစ်ကြောင်း၊

(ဂ) ကုမ္ပဏီ၏ စာရင်းစာအုပ်များတွင် ဖော်ပြပါရှိပြီး စာရင်းစစ်များထံ ပေးအပ်သော သတင်းအချက်အလက်များ၊ ရှင်းလင်းဖော်ပြချက်များနှင့်အညီ ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများကို ဘဏ္ဍာရေးရှင်းတမ်းများတွင် မှန်ကန်ပြည့်စုံစွာဖော်ပြထားပြီးဖြစ်ကြောင်း၊

(ဃ) ဘဏ်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၅၇(က)နှင့် ၂၅၈(က) တို့နှင့်အညီ စာရင်း စာအုပ်များကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံပါသည်။

ထို့ပြင် မြန်မာနိုင်ငံ ငွေရေးကြေးရေး ဥပဒေပုဒ်မ-၈၉ အရ စီမံခန့်ခွဲသူများသို့ပေးပို့သော အစီရင်ခံစာပါ ကိစ္စရပ်မှလွဲ၍ ဘဏ္ဍာရေးရှင်းတမ်းများသည် ပြည့်စုံလုံလောက်စွာနှင့် သင့်တင့်လျောက်ပတ်စွာ ရေးဆွဲထားပြီး ဘဏ်၏အရာထမ်း၊ အမှုထမ်းများထံမှ ရရှိသော သတင်းအချက်အလက်များသည်လည်း ကျေနပ်ဖွယ်ရာဖြစ်သည်ဟု ကျွန်တော်များ ထင်မြင်ယူဆပါသည်။

မြတ်နိုးအောင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်
အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်အမှတ် ၁၉၆
V Advisory Limited
အခန်း ၄၀၆၊ အဆောင် ဘီ၊ 45 Complex ၊ ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့
ရက်စွဲ။ ။ ၂၀၂၂ခုနှစ်၊ ဇွန်လ (၁၅) ရက်

## မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည် )
## ၂၀၂၂ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

| | မှတ်စု | ၂၀၂၂<br>မြန်မာကျပ် | ၂၀၂၁<br>မြန်မာကျပ် |
|---|---|---|---|
| **ရရန်ပိုင်ခွင့်များ** | | | |
| ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၁၃၁,၇၄၅,၃၆၃,၄၆၀ | ၈၅,၆၀၆,၁၄၉,၆၂၅ |
| ချေးငွေလက်ကျန် | ၇ | ၂၁၅,၃၇၃,၇၈၇,၀၉၇ | ၂၄၄,၆၈၉,၉၆၀,၄၁၄ |
| ရင်းနှီးမြုပ်နှံမှုများ | ၈ | ၂၃၄,၈၃၁,၁၂၆,၁၂၇ | ၂၅၉,၂၂၈,၈၀၇,၈၈၂ |
| အခြားရပိုင်ခွင့်များ | ၉ | ၂၃,၀၃၂,၁၃၁,၈၉၈ | ၂၂,၅၀၀,၁၇၅,၉၀၀ |
| ပုံသေပိုင်ပစ္စည်း | ၁၀ | ၁၆,၇၁၆,၈၀၄,၇၁၇ | ၁၇,၄၁၈,၃၉၄,၁၈၂ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း | ၁၁ | ၃,၉၅၁,၇၇၇,၅၆၅ | ၃,၉၅၈,၇၃၅,၁၃၄ |
| **စုစုပေါင်းရရန်ပိုင်ခွင့်များ** | | ၆၂၅,၆၅၀,၉၉၀,၈၆၃ | ၆၃၃,၄၀၂,၂၂၃,၁၃၆ |
| **ပေးရန်တာဝန်များ** | | | |
| အပ်ငွေများ | ၁၂ | ၄၉၄,၆၁၇,၇၇၈,၄၆၅ | ၅၃၂,၆၃၁,၉၈၅,၆၈၉ |
| အခြားပေးရန်တာဝန်များ | ၁၃ | ၂၅,၆၆၂,၄၆၉,၀၆၉ | ၂၃,၃၄၇,၈၂၉,၉၈၄ |
| ချေးယူငွေများ | ၁၄ | ၃၄,၁၁၅,၄၀၀,၀၀၀ | ၁၁,၆၀၈,၀၀၀,၀၀၀ |
| စုစုပေါင်းပေးရန်တာဝန်များ | | ၅၅၄,၅၉၅,၆၄၇,၅၃၄ | ၅၆၇,၅၈၇,၈၁၅,၆၇၃ |
| **အစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၅ | ၅၇,၁၂၄,၆၆၂,၈၀၀ | ၅၇,၁၂၄,၆၆၂,၈၀၀ |
| ရန်ပုံငွေများ | ၁၆ | ၁၄,၅၄၃,၉၀၁,၁၁၃ | ၁၃,၃၉၆,၉၈၇,၀၁၄ |
| အမြတ်လက်ကျန် | | (၆၁၃,၂၂၀,၅၈၄) | (၄,၇၀၇,၂၄၂,၃၅၁) |
| စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့် | | ၇၁,၀၅၅,၃၄၃,၃၂၉ | ၆၅,၈၁၄,၄၀၇,၄၆၃ |
| စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ | | ၆၂၅,၆၅၀,၉၉၀,၈၆၃ | ၆၃၃,၄၀၂,၂၂၃,၁၃၆ |

*ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။*

ဒါရိုက်တာများမှ အတည်ပြုချက်

Khin Chaw Su Win

**KHIN CHAW SU WIN**
**HEAD OF FINANCE**
**MYANMAR CITIZENS BANK LTD**

TOE AUNG MYINT
Chairman (Board of Directors)
Myanmar Citizens Bank Ltd.

## မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည်)

**၂၀၂၂ခုနှစ် ၊မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း**

| | မှတ်စု | ၂၀၂၂<br>မြန်မာကျပ် | ၂၀၂၁<br>မြန်မာကျပ် |
|---|---|---|---|
| အတိုးဝင်ငွေ | ၁၇ | ၂၂,၈၈၇,၈၅၀,၃၆၈ | ၄၄,၂၀၉,၄၁၉,၁၄၆ |
| အတိုးစရိတ် | ၁၈ | (၁၃,၀၇၉,၅၁၂,၃၇၇) | (၃၁,၄၄၃,၆၇၃,၁၁၉) |
| အသားတင် အတိုးဝင်ငွေ | | ၉,၈၀၈,၃၃၇,၉၉၀ | ၁၂,၇၆၅,၇၄၆,၀၂၇ |
| အသားတင် ကော်မရှင်ဝင်ငွေနှင့်အခကြေးငွေ | ၁၉ | ၁,၈၂၅,၂၃၈,၉၉၄ | ၂,၂၁၇,၈၉၇,၀၆၇ |
| အခြားဝင်ငွေ | ၂၀ | ၇၂၇,၀၁၃,၆၈၁ | ၁,၅၀၂,၄၀၉,၆၃၈ |
| | | ၁၂,၃၆၀,၅၉၀,၆၆၆ | ၁၆,၄၈၆,၀၅၂,၇၃၂ |
| သီးသန့်ကြေးဆုံးလျာထားငွေ | | ၆၉၅,၉၁၇,၈၅၆ | (၃,၁၆၅,၂၅၃,၀၈၂) |
| ချေးငွေဆုံးရှုံးမှုအထွေထွေလျာထားငွေ | | ၂၅၆,၆၄၄,၄၄၄ | ၁,၇၀၉,၃၁၃,၃၅၅ |
| စုစုပေါင်းဝင်ငွေ | | ၁၃,၃၁၃,၁၅၂,၉၆၅ | ၁၅,၀၃၀,၁၁၃,၀၀၅ |
| ဝန်းထမ်းရေးရာစရိတ် | ၂၁ | (၃,၇၃၈,၇၁၈,၅၄၇) | (၆,၀၆၃,၉၄၃,၉၆၃) |
| စီမံခန့်ခွဲမှုနှင့် အထွေထွေစရိတ် | ၂၂ | (၂,၂၃၁,၆၇၀,၂၄၄) | (၅,၀၈၅,၆၁၉,၉၂၆) |
| တန်းဖိုးလျော့ | ၁၀,၁၁ | (၁,၀၀၁,၀၂၂,၄၁၂) | (၂,၀၅၈,၀၃၈,၃၂၆) |
| အခွန်မလျာထားမီအသားတင်အမြတ်/(အရှုံး) | | ၆,၃၄၁,၇၄၁,၇၆၂ | ၁,၈၂၂,၅၁၀,၇၉၁ |
| ဝင်ငွေခွန်စရိတ် | ၂၃ | (၁,၂၇၆,၃၁၉,၄၇၃) | (၂၉၆,၂၀၅,၀၅၀) |
| အခွန်လျာထားပြီးအသားတင်အမြတ်/(အရှုံး) | | ၅,၀၆၅,၄၂၂,၂၈၉ | ၁,၅၂၆,၃၀၅,၇၄၁ |
| နှစ်အတွင်းအခြားသောဝင်ငွေအလုံးစုံ | | - | - |
| နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ | | ၅,၀၆၅,၄၂၂,၂၈၉ | ၁,၅၂၆,၃၀၅,၇၄၁ |
| အစုရှယ်ယာတစ်စု၏အခြေခံဝင်ငွေ /(အရှုံး)နှင့် လျော့နည်းဖွယ်ရှိသော ဝင်ငွေ /(အရှုံး) | ၂၄ | ၄၈၇ | ၁၄၇ |

*ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။*

ဒါရိုက်တာများမှ အတည်ပြုချက်

Khin Chaw Su Win

KHIN CHAW SU WIN
HEAD OF FINANCE
MYANMAR CITIZENS BANK LTD

TOE AUNG MYINT
Chairman (Board of Directors)
Myanmar Citizens Bank Ltd.

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည် )

၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် အစုရှယ်ယာရှင်များပိုင်ဆိုင်ခွင့်ပြောင်းလဲမှုရှင်းတမ်း

| | ရင်းနှီးငွေ<br>မြန်မာကျပ် | ရန်ပုံငွေ<br>မြန်မာကျပ် | အမြတ်လက်ကျန်<br>မြန်မာကျပ် | စုစုပေါင်း<br>မြန်မာကျပ် |
|---|---|---|---|---|
| ၂၀၂၁-၂၀၂၂ (၆ လ) | | | | |
| စာရင်းဖွင့်လက်ကျန်(၁-၁၀-၂၀၂၁) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၃၉၆,၉၈၇,၀၁၄ | (၄,၇၀၇,၂၄၂,၃၅၁) | ၆၅,၈၁၄,၄၀၇,၄၆၃ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | ၂၉၄,၉၅၅,၀၅၀ | ၂၉၄,၉၅၅,၀၅၀ |
| စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၃၉၆,၉၈၇,၀၁၄ | (၄,၄၁၂,၂၈၇,၃၀၁) | ၆၆,၁၀၉,၃၆၂,၅၁၃ |
| ယခုနှစ် လျာထားချက် | - | ၁,၁၄၆,၉၁၄,၀၉၉ | (၁,၂၆၆,၃၅၅,၅၇၂) | (၁၁၉,၄၄၁,၄၇၃) |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | - | ၅,၀၆၅,၄၂၂,၂၈၉ | ၅,၀၆၅,၄၂၂,၂၈၉ |
| **စာရင်းပိတ်လက်ကျန်(၃၁-၃-၂၀၂၂)** | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၄,၅၄၃,၉၀၁,၁၁၃ | (၆၁၃,၂၂၀,၅၈၄) | ၇၁,၀၅၅,၃၄၃,၃၂၉ |
| | | | | |
| ၂၀၂၀-၂၀၂၁ (၁၂ လ) | | | | |
| စာရင်းဖွင့်လက်ကျန်(၁-၁၀-၂၀၂၁) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၀၁၅,၄၁၀,၅၇၉ | (၅,၄၀၁,၈၃၄,၃၁၅) | ၆၄,၇၃၈,၂၃၉,၀၆၄ |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | - | - | (၄၅၀,၁၃၇,၃၄၂) | (၄၅၀,၁၃၇,၃၄၂) |
| စာရင်းဖွင့်လက်ကျန်ပြန်လည်ဖော်ပြမှု | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၀၁၅,၄၁၀,၅၇၉ | (၅,၈၅၁,၉၇၁,၆၅၇) | ၆၄,၂၈၈,၁၀၁,၇၂၂ |
| ရန်ပုံငွေသို့ စာရင်းပြောင်းရွှေ့မှု | - | ၃၈၁,၅၇၆,၄၃၅ | (၃၈၁,၅၇၆,၄၃၅) | - |
| နှစ်အတွင်းအမြတ်/(အရှုံး) | - | - | ၁,၅၂၆,၃၀၅,၇၄၁ | ၁,၅၂၆,၃၀၅,၇၄၁ |
| စာရင်းပိတ်လက်ကျန်(၃၀-၉-၂၀၂၁) | ၅၇,၁၂၄,၆၆၂,၈၀၀ | ၁၃,၃၉၆,၉၈၇,၀၁၄ | (၄,၇၀၇,၂၄၂,၃၅၁) | ၆၅,၈၁၄,၄၀၇,၄၆၃ |

*ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။*

## မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းတည်ထောင်သည် )

### ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

| | မှတ်စု | ၂၀၂၂<br>မြန်မာကျပ် | ၂၀၂၁<br>မြန်မာကျပ် |
|---|---|---|---|
| **၁။ လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| အခွန်မလျာထားမီအသားတင်အမြတ် /(အရှုံး) | | ၆,၃၄၁,၇၄၁,၇၆၂ | ၁,၈၂၂,၅၁၀,၇၉၁ |
| *စာရင်းညှိနှိုင်းချက်များ* | | | |
| ပုံသေပိုင်ပစ္စည်းတန်ဖိုးလျော့ | ၁၀ | ၇၂၉,၈၆၀,၃၈၆ | ၁,၅၄၉,၀၄၂,၆၀၀ |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းတန်ဖိုးလျော့ | ၁၁ | ၂၇၁,၁၆၂,၀၂၅ | ၅၀၈,၉၉၅,၇၂၆ |
| ဆုံးရှုံးမှုလျာထားချက် | | (၄၃၇,၃၂၀,၈၂၉) | ၂,၂၂၆,၇၄၀,၂၂၇ |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှ အရှုံး | | (၃၁,၅၃၂,၄၄၃) | ၂,၆၅၇,၆၀၉ |
| ပုံသေပိုင်ပစ္စည်း စာရင်းပယ်ဖျက်မှု | | ၈၉,၃၁၇,၁၃၄ | ၈,၂၁၃,၃၀၆ |
| ယခင်နှစ်စာရင်းညှိနှိုင်းမှုများ | | ၂၉၄,၉၅၅,၀၅၀ | (၄၅၀,၁၃၇,၃၄၂) |
| လက်ငင်းရပိုင်ခွင့်နှင့်ပေးရန်တာဝန်များပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းအမြတ် / (အရှုံး) | | ၇,၂၅၈,၁၈၃,၀၈၅ | ၅,၆၆၈,၀၂၂,၉၁၇ |
| လက်ငင်းရပိုင်ခွင့်ပေးရန်တာဝန်အတိုး /အလျော့ | | | |
| ချေးငွေလက်ကျန် | | ၃၀,၀၁၂,၀၉၁,၁၇၃ | ၆၈,၂၆၂,၉၀၆,၇၆၃ |
| အခြားရပိုင်ခွင့်များ | | (၅၃၁,၉၅၅,၉၉၈) | (၈,၃၃၇,၉၁၄,၇၈၉) |
| အပ်ငွေစာရင်း | | (၃၈,၀၁၄,၂၀၇,၂၂၄) | (၄၅,၅၂၇,၉၅၄,၀၇၇) |
| အခြားပေးရန်တာဝန်များ | | ၆၆၀,၂၈၁,၁၁၂ | ၁,၈၂၈,၃၅၂,၄၇၇ |
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ | | (၆၁၅,၆၀၇,၈၅၁) | ၂၁,၈၉၃,၄၁၃,၂၉၁ |
| ဝင်ငွေခွန်ပေးဆောင်မှု | | - | (၂,၃၇၅,၀၀၀) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု / (အသုံးပြုမှု) | | **(၆၁၅,၆၀၇,၈၅၁)** | **၂၁,၈၉၁,၀၃၈,၂၉၁** |
| **၂။ ရင်းနှီးမြုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ငွေတိုက်စာချုပ် နှင့် အခြားရင်းနှီးမြုပ်နှံမှုများ (ဝယ်ယူမှု)/ရောင်းချမှု | | ၂၄,၃၉၇,၆၈၁,၇၅၅ | (၅၇,၆၁၃,၈၉၄,၀၅၀) |
| ပုံသေပိုင်ပစ္စည်းရောင်းချခြင်းမှဝင်ငွေ | | ၁၃၀,၁၃၉,၇၇၈ | ၁၀၂,၄၄၉,၀၆၄ |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | | (၂၁၆,၃၇၅,၃၉၀) | (၂၆၈,၄၆၇,၄၀၆) |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းအတွက် ကုန်ကျငွေ | | (၂၆၄,၂၀၄,၄၅၆) | (၄၈၀,၂၁၀,၀၉၂) |
| ရင်းနှီးမြုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားစီးဆင်းမှု / (အသုံးပြုမှု) | | **၂၄,၀၄၇,၄၂၁,၆၈၆** | **(၅၈,၂၆၀,၁၄၂,၄၈၄)** |
| **၃။ ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ချေးငွေရယူခြင်း/(ချေးငွေပြန်လည်ပေးဆပ်ခြင်း) | | ၂၂,၇၀၇,၄၀၀,၀၀၀ | ၁၁,၆၀၈,၀၀၀,၀၀၀ |
| အမြတ်ဝေစုထုတ်ပေးငွေ | | - | - |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု / (အသုံးပြုမှု) | | ၂၂,၇၀၇,၄၀၀,၀၀၀ | ၁၁,၆၀၈,၀၀၀,၀၀၀ |
| ငွေသားအသာတင် အတိုး/(အလျော့) | | ၄၆,၁၃၉,၂၁၃,၈၃၅ | (၂၄,၇၆၁,၁၀၄,၁၉၃) |
| စာရင်းဖွင့် ငွေနှင့်ဘဏ်လက်ကျန် | ၆ | ၈၅,၆၀၆,၁၄၉,၆၂၅ | ၁၁၀,၃၆၇,၂၅၃,၈၁၈ |
| **စာရင်းပိတ် ငွေနှင့်ဘဏ်လက်ကျန်** | ၆ | **၁၃၁,၇၄၅,၃၆၃,၄၆၀** | **၈၅,၆၀၆,၁၄၉,၆၂၅** |

*ဘဏ္ဍာရေးရှင်းတမ်းများအတွက်မှတ်စုများကိုကြည့်ပါ။*

MCB
မြန်မာနိုင်ငံသားများဘဏ်








# 2022
## ANNUAL REPORT








No.383, Marhar Bandula Road,
Kyauktada Township, Yangon, Myanmar.

+95 1 2399663
+95 1 8386018

www.mcb.com.mm